စကားဝါရုံ

# ယုဒါ

## ဒုတိယမြောက်ပေးဆပ်ခြင်း

modern electronic Art co_thiee

မငွေစင် ၊ ဝတ္ထုရှည်များ

# ရွှေရောင်ကောင်းကင်တစ်ခုအောက်မှ ထစ်ချုန်းမိုး

'ကိုသား'

တသောသောဆူညံနေတဲ့ အချင်းချင်း အပြန်အလှန်နှုတ်ဆက်သံ၊ ခွန်းခြွေမှာကြားသံ၊ ရယ်မောသံတွေကြားမှာပဲ အဲဒီ ခေါ်သံကို ငါကြားလိုက်တာပါ။ လှည့်မကြည့်ပေမယ့် ငါ သိနေပါပြီ။ လေယာဉ်ကွင်းထဲကို အနက်ရောင်ကားကြီး ထိုးဆိုက်လာကတည်းက နင့်ကို ငါ တွေ့ခဲ့ပြီးသားပဲ။ နင့်ကိုမြင်ရင် လာခေါ်မှာစိုးလို့ ချောင်ခိုနေတာကိုပဲ နင်က မြင်ဖြစ်အောင် မြင်သွားခဲ့တာကိုး။

အရပ်ငါးပေလေးလက်မရှိတဲ့ နင်ကတော့ နီညိုရောင် ခွာမြင့်ဖိနပ်ကြောင့်ထင်ပါရဲ့။ သိပ်မခမ်းနားလှတဲ့ ခပ်ကျဉ်းကျဉ်း လေဆိပ်အဆောက်အလုံလေးတစ်ခုထဲက လူတွေအလယ်မှာ ထင်ရှားမြင့်မား ပေါ်လွင်နေလိုက်တာ။ တစ်ခါက နင့်ကို ဖိနပ်မြင့်မြင့်ကြီးတွေစီးဖို့ မလိုကြောင်း ငါပြောခဲ့တုန်းက နင်ပြန်ပြောဖူးတဲ့ စကား ငါသတိရလိုက်တာ။

"ဘာဖြစ်လဲ ကိုသားရဲ့၊ အရပ်ပုတဲ့သူတွေက မြင့်ချင်ယောင်ဆောင်ချင်လို့ ဖိနပ်အမြင့်စီးကြတာ၊ မိမိုးက မြင့်ပြီးသားအရပ်ကို ပိုမြင့်ချင်လို့စီးတာ၊ ကိုသားမကြည့်တတ်လို့ပါနော်၊ ခုံမြင့်ဖိနပ်တွေက အရပ်မြင့်မြင့် အမျိုးသမီးတွေစီးမှ ပိုကြည့်ကောင်းတာ၊ နိုင်ငံခြားက မင်းသမီးတွေကြည့်ပါလား။ အရပ်မြင့်မြင့် ဖိနပ်မြင့်မြင့်နဲ့ ဘယ်လောက်မိုက်သလဲ။ ဘာလဲ ကိုသားက မမိုး ခုလို မြင့်မြင့်မားမား လှနေတာကို မနာလိုဘူးပေါ့လေ"

မိမိုးရယ် ငါဆိုတဲ့ ငါဟာ နင့်ရဲ့ မြင့်မားအောင်မြင်မှုအတွက် မနာလို မရှုဆိတ်ဖြစ်မယ့်ကောင်လား၊ တစ်နေ့တစ်နေ့ ပိုလို့မြင့်တက်လာတဲ့ နင့်ရဲ့အရှိန်အဝါအတွက် ကျေနပ်ကြည်နူးနေတဲ့ လူလားဆိုတာ နင်သိနိုင်မှာပါ မိမိုးရယ်။

နင်စီးလာတဲ့ကား လေယာဉ်ကွင်းထဲ ဝင်မလာခင်ကတည်းကို ငါ့နားထဲမှာ နင့်ရဲ့ ထင်ပေါ်ကျော်ဇောမှုသတင်းတွေ လျှံနေခဲ့တာ။ နင့်ရဲ့ ဂုဏ်သတင်းလှလှတွေကြားရရင် ငါပျော်တယ်၊ ပြီးတော့ ငါ့ရင်တွေ ခုန်နေတယ် မိမိုး။

ခုဆိုရင် နင့်အဖေရဲ့ ကြီးကျယ်မြင့်မားတဲ့ ဂုဏ်သရေနဲ့အတူ နင့်ရဲ့ ဂုဏ်အရှိန်အဝါလည်း မြင့်သည်ထက်မြင့်လာခဲ့ပြီ... နော်။ တကယ်ဆိုတော့ နင်ကိုယ်တိုင်က ခပ်ညံ့ညံ့မိန်းမမှမဟုတ်တာ။ ရန်ကုန်ဆေးတက္ကသိုလ်က ဘွဲ့တစ်ခုရထားတဲ့ မိန်းမတစ်ယောက်က ဘယ်လိုလုပ် ခပ်ညံ့ညံ့မိန်းမဖြစ်တော့မှာလဲလေ။

ခပ်ညံ့ညံ့ဆိုတဲ့ ဝိသေသနကို ခံယူရမှာက ငါပါ။ ဆယ်တန်းစာမေးပွဲကို သုံးကြိမ်ဖြေလို့မှ မအောင်ခဲ့တာတောင် ကိုယ့်ကိုယ်ကို ညံ့မှန်းမသိအောင် ညံ့ခဲ့တဲ့ကောင်။ အောင်လက်မှတ်ပေါ်က အရည်အချင်းဆိုတာကို သရော်ပြုံး ပြုံးကြည့်တတ်ခဲ့တဲ့ ခပ်ကြောင်ကြောင်ကောင်။

တစ်ချိန်လုံး ပန်းချီထိုင်ဆွဲနေတတ်တဲ့ငါ့ကို ဆယ်တန်းပြန်ဖြေဖို့ တိုက်တွန်းလို့မရတဲ့အဆုံး နင်ဒေါသတကြီး ပြောခဲ့တဲ့စကား။

"မိမိုး အတန်တန်ပြောနေတယ်နော် ကိုသား၊ အောင်လက်မှတ်တစ်ခုရဲ့ အရေးပါအရာရောက်မှုကို တစ်နေ့တော့ ကိုသားကောင်းကောင်းသိလာရမယ်။ အဲဒီ အခါမှ ကိုသား နောင်တရရင် ကိုသားရှေ့မှာ မိမိုးလာရယ်မယ်သိလား"

အဲဒီ တုန်းက ငါရယ်နေခဲ့တယ်။

"မလိုဘူးလေ မိမိုးရဲ့၊ ငါက နင့်လို ဆရာဝန်လုပ်မှာမဟုတ်ဘူး၊ ဆယ်တန်းအောင်လက်မှတ် မလိုဘူး၊ ဘွဲ့ရလက်မှတ် မလိုဘူး၊ ဆ-မ လက်မှတ်မလိုဘူး၊ ငါလုပ်မှာ ပန်းချီဆရာ"

နင် ရှုက်ကြီးတငင်ငိုနေခဲ့တာ ငါ မေ့နိုင်မတဲ့လား။ ဒီဇိုင်းဆရာ၊ ပန်းချီဆရာလုပ်တဲ့ ငါ့ကို နင်က အင်ဂျင်နီယာအဖြစ် မြင်ကြည့်ခဲ့တာ။ ဝန်ခံပါတယ် မိမိုး၊ ငါကိုယ်တိုင်ကလည်း ဆယ်တန်းသာအောင်ရင်၊ စက်မှုတက္ကသိုလ်မဟုတ်တောင် ဂျီတီအိုင်လောက်တော့ တက်ဖို့ မျှော်လင့်ခဲ့တာပါ။

ဒါပေမယ့် ငါက လူတစ်မျိုး၊ မြန်မာပြည်က ခပ်ရှားရှားလူမျိုး။ ဆယ်တန်းအောင်လက်မှတ်မရှိလို့ ဂျီတီအိုင် တက်ခွင့်မရတဲ့ငါဟာ ပြည် ဂျီတီအိုင် ကျောင်းဝင်းထဲမှာ သုံးနှစ်သုံးမိုးမက နေခဲ့ဖူးတယ်။ ဒါကတော့ ငါရဲ့ ဆယ်တန်းမအောင်တဲ့အဖြစ်ကို သနားကရုဏာသက်နေတဲ့ ငါ့ဆရာတစ်ယောက်ရဲ့ ကူညီမ,စမှုနဲ့ပေါ့။ ငါ ဝါသနာကြီးတဲ့ ပုံဆွဲချိန်တွေမှာ အမြဲမပြတ် အတန်းတက်ခဲ့တယ်။ ပြင်ပလေ့လာမှုတွေများတဲ့ ငါ့အတွက် ဒီပညာရဲ့ အထောက်အပံ့နဲ့ လမ်းကြောင်းတစ်ခုပေါ် ရောက်သွားခဲ့တယ်။ အဲဒီ ကစလို့ ငါဟာ ဒီဇိုင်းပညာရှင် ဖြစ်မလာဘဲ မထင်မရှား ဒီဇိုင်းစာရေးလေးတစ်ယောက် ဖြစ်လာရတော့တာပဲ။

သိတော့သိသားပေါ့ မိမိုးရယ်၊ အောင်လက်မှတ်တစ်ခုရဲ့ အရေးပါမှုဆိုတာကို… ဒါပေမယ့် ငါ ခေါင်းမာချင်ခဲ့တယ်၊ ဆယ်တန်းအောင်မှု လူတစ်ယောက်ရဲ့ အရေးပါအရာရောက်မှုကိုသာ အနစ်နာခံပြချင်ခဲ့တယ်။ ငါ့ထက် အတန်းပညာတွေ အများကြီးတတ်တဲ့၊ အောင်လက်မှတ်တွေ အများကြီးရှိတဲ့ ငါက အစ်ကိုလို့ခေါ်တဲ့၊ ဆရာလို့ခေါ်တတ်တဲ့ (တစ်နေ့မှာတော့ ငါ့ကို ဆရာလို့ ပြန်ခေါ်ရတဲ့) ငါ့ထက် ရာထူး၊ အဆင့်မြင့်တဲ့ လူတချို့ ငါ့ဆီ ပညာတွေပြန်ယူရတာ ကိုပဲ ကျေနပ်နေခဲ့တယ်။

သူတို့ ဘာတွေဖြစ်သွားဖြစ်သွား၊ ဘယ်နေရာရောက်သွား ရောက်သွား

ငါ စိတ်မဝင်စားဘူး။ ငါကတော့ နင်တို့ မိန်းမတွေအပြော တစ်ပဲခြောက်ပြားရတဲ့ အလုပ်ထဲမှာပဲ ငြိမ်လို့ ကျန်ရစ်တယ်။ ငါ့အတွက် နေရာသစ်မရှိဘူးလေ။ ငါ့မှာ အောင်လက်မှတ်တစ်ခုရှိမနေတဲ့အတွက်ပေါ့ မိမိုး၊ နေရာတစ်ခုကို တက်လှမ်းသွားရဖို့ဆိုတာဟာ ပညာတစ်ခု တတ်မြောက်ထားရုံနဲ့ မလုံလောက်ဘူးဆိုတာ ငါ သိလာတဲ့အချိန် (လက်မခံချင်ဘဲ လက်ခံလိုက်ရတဲ့အချိန်)မှာ သိပ်နောက်ကျသွားခဲ့ပြီ မိမိုး။

အဲဒီ အချိန်မှာ နင်ကလည်း ငါနဲ့အတော်ကြီးကို အလှမ်းဝေးသွားခဲ့ပြီလေ။ ငါ့မှာ ကျွေးမွေးပြုစုစရာ မိဘမောင်ဖွား၊ ဇနီးသားသမီးမရှိတဲ့အတွက် ဘာမှဟုတ်တိပတ်တိ မရတဲ့၊ တစ်ခါတလေ ညလုံးပေါက်မအိပ်ရဘဲ အလုပ်လုပ်နေရတဲ့ အဲဒီ နေရာလေးမှာပဲ ငါ ကုပ်တွယ်နေခဲ့တယ်။ ငါ ဘာအတွက် ငွေမက်နေစရာလိုသေးလို့လဲ မိမိုး။ လစာအပြင် မအားတဲ့ကြားက အိပ်ရေးပျက်ခံလုပ်ရတဲ့အပြင် ဒီဇိုင်းဆွဲတဲ့အလုပ်၊ ကြော်ငြာဆိုင်းဘုတ်ရေးတဲ့အလုပ်၊ ပြီးတော့ ငါ အမြတ်နိုးဆုံး ပန်းချီဆွဲတဲ့အလုပ်တွေက ငါ တစ်ဦးတည်း ဘဝရပ်တည်မှုအတွက် လုံလောက်နေပြီပဲ။ ငွေရဖို့အတွက်နဲ့ သူတစ်ပါးကို ငါ မတိုက်ခိုက်ချင်ဘူး မိမိုး။

တစ်ဖက်လူက ငါ့နာမည်ရှေ့မှာ 'ကို' လေးတပ်ပြီး ခိုင်းတာကိုပဲ သူတို့ သဘောကျနှစ်ခြိုက်သွားအောင် စေတနာထားပြီး ဝမ်းမြောက်ဝမ်းသာ လုပ်ပေးခဲ့သေးတာ။ ငါ့အပေါ် စေတနာမေတ္တာတကယ်ရှိတဲ့ ဆရာတစ်ချို့ကတော့ ငါကျွမ်းကျင်တဲ့ အတတ်ပညာနဲ့ ကိုက်ညီပြီး အခကြေးငွေများများရတဲ့ နေရာတစ်ခုမှာ အလုပ်လုပ်ဖို့ အကြံပေးကြ၊ ကူညီမယ်ပြောကြတာပေါ့။ ဒါပေမယ့် ငါ့ကို လက်မလွှတ်ချင်တဲ့ ဆရာတစ်ချို့ကို ငါက လူပျိုကြီးမပီသစွာနဲ့ သံယောဇဉ်ကြီးနေပြန်တယ်။

ငါဟာ အင်မတန် သံယောဇဉ်ကြီးတတ်တဲ့ကောင်ဆိုတာ နင်အသိဆုံးမဟုတ်လား မိမိုး။ ငါ့အဖေဆုံးပြီး ငါတို့မြို့လေးကနေ အမေ့ဇာတိဖြစ်တဲ့

ပြည်ကို ပြောင်းခဲ့ရတော့ ညညအိပ်လို့မရတဲ့အထိ ငါ ကယောင်ချောက်ချား ဖြစ်နေခဲ့တာ။ နင်နဲ့ငါက ညကြီးမင်းကြီး သူ့အိမ် ကိုယ့်အိမ် ကူးသန်းနေခဲ့ကြသူတွေကိုး။ နင်ကတော့ ငါ နေရာသစ်မှာ အချစ်သစ်တွေ့ပြီး နင့်ကို မေးထားရစ်ပြီလားလို့ ရန်တွေ့စာတွေ ရေးခဲ့တာလေ။ ငါဟာ နင့်ကိုသတိရတိုင်း ပန်းချီသာ တွင်တွင်ဆွဲနေရတဲ့လူပါ မိမိုးရယ်။

အဖေမရှိတဲ့နောက် ငါ့ကိုမနိုင်တဲ့အမေဟာ ဆယ်တန်းစာမေးပွဲဖြေဖို့ကို မစည်းရုံးတော့ဘဲ ငါလုပ်ချင်တာလုပ်ပေတော့လို့ လက်ပိုက်ကြည့်နေခဲ့တယ်။ နင်တို့လောက် မမြင့်ပေမယ့် မနိမ့်လှတဲ့ နေရာတစ်ခုမှာ လှလှလေးနေပြီး မမလို့ အခေါ်ခံခဲ့ရတဲ့ အမေဟာ အဖေမရှိတော့ မလှပတဲ့ ဘဝရဲ့ဒဏ်တွေကို အကြာကြီး မခံနိုင်ခဲ့ဘူးလေ။ တစ်ခါတစ်ခါ ငါတွေးကြည့်မိတယ်။ သံယောဇဉ်တွေက ငါ့ကို ဖြတ်သွားတာလား။ ငါက သံယောဇဉ်တွေကို ဖြတ်သွားတာလား ဆိုတာကိုလေ မိမိုး။

ငါ့အမေဆုံးတော့ နင် ဆေးတက္ကသိုလ် တတိယနှစ်ဝက်လောက် ရှိပြီထင်တယ်။ ငါ့ဘဝတစ်နေ့တခြား ဆုတ်ယုတ်နိမ့်ပါးလာတာကို ငါ ဂမ်းနည်းတတ်ပေမယ့် နင့်ဘဝ တစ်နေ့ထက်တစ်နေ့ ပိုလို့ တိုးတက်မြင့်မားလာတာကို ငါ ဂမ်းသာနေခဲ့တာပါ မိမိုး။ နင် စာသုံးလေးစောင်ရေးမှ တစ်စောင် ပြန်ရေးဖြစ်တာဟာ နင့်အပေါ် အနေဝေးလို့ သွေးအေးသွားတာလို့ နင် ထင်ခဲ့တယ်။ မဟုတ်ပါဘူး မိမိုးရယ်။ ဒါဟာ နင့်ရဲ့ အရှိန်အဝါတွေကို ငါကြောက်လာလို့ဆိုတာ...။

လုပ်ချင်ရာကို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ နင်၊ အဆုံးအဖြတ်မှားပြီး ငါ့ဘဝထဲကို ရှုးရှုးမိုက်မိုက်ဆင်းလာမှာစိုးလို့ နင့်ကို ငါ တဖြည်းဖြည်း ဖြတ်တောက်ပစ်ခဲ့တာ။

ငါသာ မျက်ရည်ကျပါရစေ မိမိုး။ နင့်အသိုင်းအဝိုင်း၊ နင့်အရည်အချင်းဟာ ငါဆိုတဲ့လူနဲ့ မထိုက်တန်ဘူးလို့ လူ့ပတ်ဝန်းကျင်တစ်ခုလုံးက

တူညီစွာ သတ်မှတ်ထားခဲ့ကြပြီ မိမိုး။

ငါ့ဘဝထဲကို နင်ဆင်းမလာသင့်တော့သလို နင့်ဘဝထဲကိုလည်း ငါတိုးမဝင်သင့်တော့တဲ့ အခြေအနေတွေ ဖြစ်နေပြီဆိုတာ ငါနားလည်သလို နင်နားလည်ပေးလိုက်စမ်းပါ။ နင်စာရေးတိုင်း ထည့်ရေးပေးတတ်တဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို ငါသေသည်အထိ မမေ့ပါဘူး မိမိုးရယ်၊ ရန်ကုန်ရောက်လို့မှ နင့်ကို လာမတွေ့ရကောင်းလားလို့ နင် ရန်တွေ့စာရေးတော့ ငါ ရင်နာရတယ်၊ မိုးနဲ့မြေလို ကွာခြားသွားတဲ့ အခြေအနေတွေကို နင် မေ့နေခဲ့တာကိုး။

နင် စိတ်ဆင်းရဲမယ့်အဖြစ်ကို ငါ မလိုလားပါဘူး မိမိုး။ ဒါပေမယ့် မိမိုးရယ် ကွင်းစကွင်းပိတ်ထဲ ထည့်ထားရမယ့် မထင်မရှား မိဘနှစ်ပါးရဲ့သား၊ နာမည်နောက်က အမြီးလေးမှ ထည့်ခွင့်မရတဲ့ အညတကတစ်ယောက်ဟာ နင့်အတွက် မဖြစ်သင့်တော့ဘူးလို့ ငါ...။

ပြီးခဲ့တဲ့ နှစ်နှစ်ကျော်က ငါ အလုပ်လုပ်နေတဲ့ မြို့ကို နင့်အဖေနဲ့ နင် ရောက်လာပြီး ငါ့ကို လာတွေ့ရင်း နင် ပြောခဲ့တဲ့စကား -

"မိမိုးလေ ဟိုးငယ်ငယ်ကတည်းက အမြင့်ဆုံးကို သိပ်ရောက်ချင်ခဲ့တာ၊ ခုတော့လေ အဲဒီ အမြင့်ကြီးကနေ အောက်ကို ငုံ့ကြည့်ရတာ ရင်မောလွန်းလို့ ခုန်ချပစ်လိုက်ချင်ပြီ။ တကယ်ဆို ကိုသား သတ္တိမရှိဘဲ မိမိုးကို ချစ်ခဲ့ဖို့မကောင်းဘူး"

ဟုတ်ပါတယ် မိမိုး၊ ဒီဇာတ်လမ်းကို စခဲ့တဲ့ ငါသာ အပြစ်ရှိသူပါ။ ငါ့ထက် နှစ်နှစ်နဲ့ ကိုးလတိတိပိုငယ်တဲ့ နင့်ကို ရည်းစားလုပ်ခဲ့မိတာကိုက ငါ့ရဲ့ မိုက်မဲမှုသက်သက်ပါ။ ငါ ထင်ခဲ့တာက နင်ဟာ နီးစပ်မှုကြောင့်သာ ငါ့ကို စွဲလမ်းခဲ့တာလို့။ လပေါင်းများစွာ မတွေ့မမြင်ရဘဲ ဝေးကွာသွားတဲ့အခါ ငါ့ထက်အဆတစ်ရာမက သာတဲ့ တစ်စုံတစ်ယောက်ကို နင် အစားထိုးသွားမှာပဲလို့ ငါ ယုံကြည်ခဲ့တာ။ အဲဒီ ယုံကြည်မှုနဲ့ပဲ နင့်ကို ငါ သံယောဇဉ်ဖြတ်ခဲ့တာ။ ရင်ထဲမှာတော့ မချိဘူးပေါ့ မိမိုးရယ်။ ဒါပေမယ့် ငါ မမြင်ခဲ့တဲ့ နင့်ရဲ့

မေတ္တာအတိုင်းအဆကို လျှော့ပေါ့တွက်ခဲ့မိတဲ့ ငါဟာ...

'ကိုသား' လေယာဉ်ကွင်းအဆောက်အအုံ အသီးသီးက လူတွေရဲ့ မျက်လုံးအစုံ နင့်ဆီ ပြုံကျလာတယ်။ သိပ်မကြာသေးတဲ့ ကာလကမှ မြို့နယ်ဆေးရုံကြီးကို ပြောင်းရွှေ့တာဝန်ကျလာတဲ့ ဂုဏ်သရေရှိ အသိုင်းအဝိုင်းတစ်ခုက ပေါက်ဖွားလာခဲ့တဲ့ ဆရာဝန်မချောချောလေးတစ်ယောက်၊ စီးလာတဲ့ ဒေါက်မြင့်ဖိနပ်ကိုမှ အားမနာ၊ ဆရာဝန်မဆိုတဲ့ ဣန္ဒြေသိက္ခာကို မငဲ့ကွက်၊ ချောင်ကျကျ စားသောက်ဆိုင်လေးရဲ့ အတွင်းကျကျစားပွဲလေးတစ်လုံးမှာ လာပုန်းခိုနေတဲ့ ယောကျ်ားတစ်ယောက်ဆီ ပြေးလာတဲ့ နင့်ခြေလှမ်းတွေကို အံ့သြမဆုံးမျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြတယ် မိမိုးရယ်။ ဒါ မဖြစ်သင့်ဘူးလေ။ တလက်လက်တောက်ပနေတဲ့ နင့်မျက်လုံးတွေက ငါ့ရဲ့ နှလုံးခုန်နှုန်းကို စည်းချက်မဲ့စေတယ်။ ငါဟာ ၁၆နှစ်သား လူပျိုပေါက်လေးလို ရင်ခုန်နေဆဲပဲ မိမိုး၊ မိမိုးရယ် နင်ဘာတွေပြောမှာလဲ။

"ကိုသားရယ်၊ မိမိုး ဖမ်းသာလိုက်တာ ဟုတ်မှဟုတ်ပါ့မလားလို့ ရင်တွေကို ခုန်နေတယ်။ ဟုတ်မှာပါလို့ ကိုယ့်ဘာသာအားပေးပြီး ဖွတ်ပြေးလာမိတာပဲ။ မိမိုး ဒီကိုပြောင်းလာတာ ကိုသား မသိဘူးလားဟင်"

"မသိဘူး" ငါ ဖြောင်လိမ်လိုက်မိတယ်။ ငါ့သတင်းကို အစဖျောက်ထားပေမယ့် နင့်သတင်းကို အမြဲစုံစမ်းနေတယ်ဆိုတာ ငါ ပြောပြဖို့ မလိုတော့ဘူးလေ။

'ကိုသား ဘာလာလုပ်တာလဲ၊ အခု လေယာဉ်နဲ့ပြန်မှာလား၊ ဘယ်ကိုလဲဟင်'

'မန္တလေး၊ မမ နေမကောင်းလို့ လာကြည့်တာ၊ မိမိုးရော ရန်ကုန်ပြန်မှာလား။ အဖော်တွေပါတယ်မဟုတ်လား'

"မိမိုးက ဧည့်သည်လိုက်ပို့တာ၊ သူငယ်ချင်းတွေလေ။ သူတို့အိမ်က

မနက်က ဖုန်းဆက်လို့ အလုပ်ကိစ္စတစ်ခု အရေးတကြီးပေါ်လာလို့၊ ဒီနေ့ ပြန်လာခဲ့ပါမှာလို့ ချက်ချင်းပြန်ဖြစ်ကြတာ။ အမှန်ဆို ကိုသားနဲ့ ဆုံရမှာ မဟုတ်ဘူးနော်။ တော်သေးတာပေါ့။ သူတို့ကိုပဲ ကျေးဇူးတင်ရဦးမယ်။ ဟိုမှာ မိမိုးသူငယ်ချင်းတွေလေ"

နင့်သူငယ်ချင်းတွေကို နင်မပြခင်ကတည်းက ငါ မြင်ပြီးသားပါ။ နင်နဲ့အင်မတန်လိုက်ဖက်ညီတဲ့ စတိုင်လ်ကျကျ အမျိုးသားတစ်ယောက်၊ ပြီးတော့ အမျိုးသားနဲ့ ခပ်ဆင်ဆင် ချစ်စရာကောင်မလေးတစ်ယောက်။

'ကိုသား အရင်အလုပ်မှာပဲလား။ မိမိုးစာတွေ မရောက်ဘူးလားဟင်'

'အလုပ်ပြောင်းသွားပြီ' ငါ ရုတ်တရက် ညာလိုက်မိတယ်။

"ဟုတ်လား၊ စာရေးဖို့တော့ ကောင်းတာပေါ့ ကိုသားရယ်။ မိမိုးက ကိုသားကိုစိတ်ဆိုးပြီး တမင်စာမရေးဘဲနေတာ။ ကိုသားကတော့ မရေးဘဲနေနိုင်လို့ မရေးတာမဟုတ်လား။ ကိုသား ဒီနေ့ မပြန်နဲ့ဦးနော်"

'လေယာဉ်လက်မှတ်က မလွယ်ဘူး မိမိုးရဲ့'

'ရပါတယ် မိမိုးလုပ်ပေးမှာပေါ့။ ဒီနေ့မပြန်နဲ့။ လုံးဝမပြန်ရဘူးနော်' နင်က ဆရာဝန်မကြီးဖြစ်နေပြီဆိုတာ မယုံချင်စရာပါပဲ မိမိုးရယ်။ ကိုးတန်း၊ ဆယ်တန်းတုန်းက ငါ့ကို ဇီဇဝေဒပုံတွေ ဗွတ်အတင်း အနိုင်ကျင့်ဆွဲခိုင်းတဲ့ ကောင်မလေးတစ်ယောက်လိုပါပဲ။

'ဒီနေ့ မပြန်လို့မဖြစ်ဘူးဟ။ လေယာဉ်က သောကြာနေ့မှရှိတော့မှာ။ အလုပ်က အချိန်မရတော့လို့ မိမိုးရဲ့' ချက်ချင်းပဲ ငိုမလိုဖြစ်သွားတဲ့ နင့်မျက်နှာလေးကို ငါ ငေးကြည့်နေမိတယ်။ အသက် ၂၇ နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်ဟာ ငါ့ရှေ့မှာတော့ တကယ့် ပီဘိကလေးလေးပါပဲ။ ငါသိပါတယ် မိမိုးရယ်။ ဖြစ်နိုင်မယ်ဆိုရင် ဒီနေ့မဟုတ်ဘဲ မနက်ဖြန်၊ သဘက်ခါအတွက် ငါတစ်ဦးတည်းပြန်ဖို့ အထူးလေယာဉ်တစ်စီးကိုတောင် နင်

ဖန်တီးပေးချင်နေတယ်ဆိုတာ။

'ကိုသား' ရှိုက်သံလိုလို ထွက်လာတဲ့ နင့်အသံ။

'မိမိုး မငိုလိုက်နဲ့နော်' ငါ တိုးတိုးလေး ပြောမိသွားတယ်။ ငါနဲ့ အခုတွေ့၊ အခုခွဲရမယ်ဆိုတာကို မခံမရပ်နိုင်ဖြစ်နေတဲ့ နင့်မျက်နှာလေးက သိသာလိုက်တာ။ ဒါပေမယ့် မိမိုးရယ် ငါ့ကို သနားရင် နင်မငိုလိုက်ပါနဲ့။ အဲ့ဒါ နင့်အတွက်ပါ။ အနည်းဆုံး ဒေါက်တာမိုးခင်ခင်ဇော်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက်။

'မိမိုးကိုက ကံဆိုးတာပါ။ မိမိုး အမြဲကျန်ရစ်ရတယ်'

'မိမိုး လက်ထပ်တော့မှာမဟုတ်လား' နင် အာရုံပြောင်းသွားအောင် မမေးချင်တဲ့ မေးခွန်းကို မေးလိုက်မိတယ်။

"မသိသေးပါဘူး။ မေမေတို့ အတင်းစေ့စပ်ပေးနေလို့ နားငြီးတာနဲ့ သတင်းစာထဲ ထည့်ခွင့်ပေးလိုက်တာ။ မိမိုးမှ မချစ်တာ မယူပါဘူး"

နင့်ရဲ့ စူပုပ်ပုပ်ဖြစ်သွားတဲ့ကလေးဆန်ဆန် မျက်နှာပေးကိုကြည့်ရင်း နင့်ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာ သတင်းစာမှာပါပြီးတော့ နင်ရေးလိုက်တဲ့စာလေးကို ငါ သတိရမိသွားတယ်။

စေ့စပ်တယ်ဆိုတာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်မဝယ်နိုင်သေးတဲ့ ပစ္စည်းတစ်ခုကို ဒါ ငါဝယ်မှာလို့ လူကြားအောင် အော်ပြောထားတာမျိုးပါ ကိုသားရဲ့။ တတ်နိုင်ရင် ကြားထဲက သူများဝင်ဝယ်သွားလည်း ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာပဲ မဟုတ်လား။ မိမိုးအတွက်တော့ ထူးခြားတဲ့ ခံစားချက်မရှိပါဘူး။ တခြား အနှောင့်အယှက်ကင်းတာ တစ်ခုကလွဲရင်ပေါ့။

"မိမိုးရယ် ကလေးတွေမှ မဟုတ်တော့တာဘဲ။ ဆရာဝန်မကြီးဖြစ်နေပြီလေ"

"အို ဆရာဝန်လည်း လူပါပဲ။ ထားပါ အဲဒါတွေ၊ ခု ကိုသား ဘယ်မှာနေလဲဟင်"

"လိပ်စာရေးပေး၊ ခု ရေးပေး" ငါနဲ့ ပတ်သက်ရင် နင် ဘာလို့ ဒီလောက် လှုပ်လှုပ်ရှားရှား ဖြစ်နေရတာ လဲ မိမိုးရယ်။ ဖြစ်နိုင်ရင် ငါလေ ခုချက်ချင်းပဲ နင့်လက်ကိုဆွဲပြီး အဆုံးမရှိတဲ့ ဟိုးအဝေးဆုံးတစ်နေရာကို ပြေးသွားချင်လိုက်တာ။ ဒါဟာ အိပ်မက်တဲ့။

စဉ်းစားကြည့်ပါ မိမိုး။ ဖိနပ်မြင့်မြင့်ကြီးတွေပေါ်က နင် ခြေချော်ပြီး ပြုတ်ကျမှာကိုတောင် အစိုးရိမ်ပိုခဲ့တဲ့ လူတစ်ယောက်ဟာ နင် ကောင်းကင်မြင့်မြင့်ကြီးတစ်ခုကနေ...။

"ကဲပေး...ပေး လိပ်စာ၊ ခု ဘယ်မှာရောက်နေပြန်ပြီလဲ"

"ငါ...ငါ ခု အိမ်ထောင်ကျနေပြီ မိမိုး" ငါ့အသံတွေမတုန်အောင် သတိထားနေလျက်ကပဲ သိသိသာသာ တုန်နေခဲ့တယ်။ 'တကယ်လား' လို့ ပြန်မေးလိုက်တဲ့ နင့်အသံတွေကလည်း အက်ကွဲလို့ကိုခါလို့။ ငါ ဘယ်လိုမှ မတားဆီးလိုက်နိုင်တဲ့အချိန်မှာပဲ နင့်ရှေ့က မဖောက်ရသေးတဲ့ အချိုရည်သံဘူးလေးပေါ်ကို မျက်ရည်စက်လေးတစ်စက် ပေါက်ခနဲ ကျသွားခဲ့တယ်။ ငါ ကမ္ဘာအပြင်ဘက်ကို ပြေးထွက်ချင်လိုက်တာ။ နင့်မျက်ရည်တွေဟာ...။

"ဘယ်ကလဲ" တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းနှစ်လွှာကြားထဲက ဗလုံးဗထွေး ထွက်လာတဲ့ နင့်အသံ။

"ငါ့အလုပ်ထဲကပါပဲ"

"ကြာပြီလား"

"လေးငါးလပဲရှိသေးတယ်" နှစ်နှစ်လောက်ရှိပြီလို့ ငါ ဘာလို့ မညာခဲ့မိတာပါလိမ့်။ တကယ်ဆို နင့်ကို ငါ အဆက်အသွယ်ဖြတ်ထားခဲ့တာ

နှစ်နှစ်နီးပါး ရှိခဲ့ပြီပဲ။

"မိမိုးကို ကြိုပြောရောပေ့ါ။ ကိုသား မင်္ဂလာဆောင်ကို ဘယ်နေရာရောက်ရောက် မိမိုးလာမှာ"

"ဘာမှမလုပ်ဖြစ်ခဲ့လို့ပါ" မလိမ်မညာတတ်တဲ့ လူတစ်ယောက်အတွက် လိမ်ညာရတဲ့အလုပ်ဟာ ငရဲတမျှ ပူလောင်တယ်ထင်တယ် မိမိုး။

"ခု အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ဟိုမှာ နင့်သူငယ်ချင်းတွေ ခေါ်နေတယ်ထင်တယ်။ သွားလိုက်တော့လေ"

"ဒါဆို မိမိုးသွားမယ်။ ဘာပဲဖြစ်ဖြစ် အကူအညီလိုရင် မိမိုးကို သတိရပါ။ ကိုသားနဲ့ ပတ်သက်သမျှ မိမိုးကူညီဖို့ အသင့်ပါနော်။ ဒါ မိမိုးတို့ ရန်ကုန်အိမ်သစ်လိပ်စာ။ ဒီလိပ်စာကတော့ ဆေးရုံကြီးဆိုရပြီပဲ။ သွားမယ်နော် ကိုသား"

အနက်ရောင် အိဖောင်ဖောင်းပိုက်ဆံအိတ်ကလေးထဲက လိပ်စာကတ်ပြားလေးတစ်ခုပေးပြီး ပြေးထွက်သွားတဲ့ နင့်ကို ငါ လမ်းစဖျောက်ရဦးမယ်လေ။ တကယ်တော့ ငါဟာ ဒီနေ့ လေယာဉ်ခရီးစဉ်ကနေ ဖြုတ်ချခံလိုက်ရတဲ့ ကံဆိုးစွာကျန်ရစ်သူ ခရီးသည်တစ်ဦးပါ။ နင့်ရဲ့ စကားတွေကို ငါ ပြန်ကြားယောင်နေမိတယ်။ မိမိုး အမြဲကျန်ရစ်ရတယ်တဲ့လား။

မိမိုးရယ် ဘဝမှာ အခါခါကျန်ရစ်ရသူက ငါပါ။ ဒါပေမယ့် ငါ နောင်တမရချင်ဘူး မိမိုး။ နင်ဟာ ငါ့ရဲ့ ရှုံးနိမ့်မှုတွေအတွက် တကယ်တမ်း ရယ်မောနိုင်မယ့်သူမဟုတ်မှန်း ကောင်းကောင်းကြီး သိထားတာမို့ နောင်တမရစေပါနဲ့ မိမိုးရယ်။

နားအူလောက်အောင် ဆူညံလွန်းလှတဲ့ လေယာဉ်စက်သံတွေကြားထဲမှာ

နင့်ရဲ့ကားလေး လေယာဉ်ကွင်းထဲက ထွက်သွားခဲ့တယ်။ လေယာဉ်တက်တော့မှာပါ မိမိုး။ လက်ပြနှုတ်ဆက်ရမှာကို ခုချိန်ထိ နင် ကြောက်တုန်းနော်။

ဟော...လေယာဉ်ကြီး ပျံတက်သွားပြီ။ ငါသိနေပါတယ် မိမိုး၊ ပျံတက်သွားတဲ့ လေယာဉ်ပျံကြီးကို ငေးမျှော်ကြည့်ရင်း နင် တသသ ကြေကွဲနေလိမ့်မယ်ဆိုတာရယ်၊ ပြီးတော့ ငါဟာ နင့်နဲ့ အဝေးဆုံးကမ္ဘာတစ်ခုဆီကို ဟိုး... မိုးကောင်းကင်မြင့်မြင့်ကြီးပေါ်က လေယာဉ်ပျံကြီးနဲ့အတူ ရောက်ရှိသွားခဲ့ပြီလို့ နင် တွေးနေလိမ့်မယ်ဆိုတာ ငါ သိပါတယ် မိမိုး။

တကယ်တော့ မိမိုးရယ်၊ ငါဟာ အဲဒီ မိုးကောင်းကင်မြင့်မြင့်ကြီးရဲ့အောက် မိုင်ပေါင်း အနန္တဝေးတဲ့ လူမသိသူမသိ အောက်ဆုံးနေရာလေးတစ်ခုမှာ ကျန်ရစ်ခဲ့ရသူဆိုတာ နင်သိခဲ့ရင်...။

*

# ငပိန်

လောကကြီးကို ငပိန် စိတ်နာနေမိသည်မှာ ကြာပြီ။ ခိုကိုးရာမဲ့ဘဝ၌ ကျယ်ပြောလှသည်ဆိုသော လောကကြီးသည် ကျဉ်းမြောင်းလေစွ။ ခုပဲကြည့်။ ငပိန့်မှာ နေစရာမရှိတော့ပြီ။

အမေသည် ငပိန်ကို ကိုယ့်ဝမ်းကိုယ်မကျောင်းနိုင်သေးခင်အရွယ်ကပင် ငပိန်ကို ဖုတ်လေသည့် ငါးပိ ရှိသည် ဟုပင် မထင်တော့ဘဲ အပျိုလုပ်နေခဲ့၏ ။ အဖေဆိုသည်မှာ ဘယ်အရပ်ကလာလေသည်မသိ။ ငပိန်ကို မွေးတော့မွေးခဲ့လေပြီ။ ဒါကြောင့်လည်း လူတွေက ငပိန်ကို ကလေးကဝဟု ကင်ပွန်းတပ်ခဲ့ခြင်းပေလော။

"ရုပ်ကိုက စုတ်ချွန်းချွန်း ညှောင်နာနာနဲ့ အမျိုးကောင်းထဲကမှ မဟုတ်ဘဲ" ဆိုသော စကားကိုလည်း တွင်တွင်ပြော ကြသေး၏ ။ လူဆိုတာတွေက မျိုးရိုးဂုဏ် အင်မတန် မောက်ကြသည့် သတ္တဝါတွေ ထင်ပါရဲ့။

အဲဒီ အမျိုးဆိုသောကိစ္စကြီးကြောင့်ပင် ငပိန် ဟူသည့်နာမည်တစ်ခုကို ရက်ရက်ရောရော ပေးခဲ့သည့် ငပိန်၏ မူလလက်ဟောင်း ပိုင်ရှင်အိမ်က ငပိန်ကို စွန့်ပစ်ခဲ့ကြခြင်း ဖြစ်၏ ။ ငပိန့်ကို မွေးဖွားသည့် နေ့ကတော့ သူတို့ တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ကြ၏ ။ ငပိန့်အမေသည် ငပိန်အပါအဝင် သားသမီးများကို အိမ်တိုင်းမှာမရှိသည့် ရှားရှားပါးပါး ဂုန်နီအိတ် ကြီးပေါ်၌ မွေးဖွားပေးခဲ့ခြင်း ဖြစ်၏ ။

ငပိန် အတော်လေး အရွယ်ရောက်လာမှ ဂုန်နီအိတ် ဆိုသည်မှာ ငပိန်တို့အတွက် အလွန် အဖိုးထိုက်တန်သော ဖဲမွေ့ရာတစ်ခု ဖြစ်မှန်း သိရ၏ ။ နောင် ငပိန်ဘဝ၌ ဂုန်နီအိတ်အခင်းဖြင့် ယောင်လို့မှ အိပ်ခွင့်မရတော့။ ခေတ်ကြီးက ဂုန်နီအိတ်ခေတ် မဟုတ်တော့ဘဲ ပလတ်စတစ်ခေတ် ရောက်လာပြီဟု လူတွေ ပြောဆိုနေသည်ကို မှတ်သားဖူး၏ ။ ထို့အတွက် ငပိန်၏ မူလ ပထမအိမ်ကြီးကို ငပိန် လွမ်းမိလေသည်။ သို့ပေမဲ့ ထိုလူသတ္တဝါတွေက ငပိန့်အလွမ်းနှင့် မထိုက်တန်အောင် ငပိန့်အပေါ် ရက်စက်ခဲ့ကြသူများသာတည်း။

လောကကြီးအတွင်းသို့ ရောက်ရှိလာသော ငပိန်တို့ မောင်နှမတစ်စုကို ဝမ်းသာအယ်လဲ ကြိုဆိုသူများ ချစ်ဖွယ်၊ ငွေတိုးနှင့် ပိစိမတို့ ၃ ယောက် ဖြစ်၏ ။ "မက်ဒေါနား မွေးပြီဟေ့" ဆိုသော သတင်းကို ကြားကြားချင်း သူတို့ ၃ ယောက် ငါး နှိုက်နေရာမှ အပြေးအလွှား အိမ်ပြန်လာကြ၏ ။ ပြီးတော့ ငပိန်တို့ မောင်နှမတစ်စုကို ရေတွက်ကြည့်ကာ ခုန်ပေါက်အော် ဟစ်ကြလေ၏ ။

"၄ ကောင်ဟေ့၊ ၄ ကောင်တောင်၊ ငါ ၂ ကောင် ယူမှာ"

"ငွေတိုးနော်၊ နင် ဟိုတစ်ခါ ပေါက်တုန်းကလည်း ၂ ကောင် ယူတယ်၊ ဒီအလှည့် ငါ့အလှည့်၊ ငါ ယူမယ်"

"ပိစိမ၊ နင် လောဘကြီးမနေနဲ့၊ ပြီးတော့ နင် ဘာအရောင်းအဝယ်မှလည်း တတ်တာ မဟုတ်ဘူး၊ ၄ ကောင်ရှိတာ တစ်ကောင်ရရင် တော်ရောပေါ့"

"ကြည့်ပါဦးဟာ၊ အထီးတွေလား၊ အမတွေလား ဆိုတာ"

"ဘုရား ဘုရား ဘုရားမ,လို့ အထီးလေးတွေချည်း ဖြစ်ပါစေတော်"

"ဟိတ်ကောင်… ငွေတိုး၊ မလုပ်နဲ့ဦးလေ၊ တော်ကြာ မက်ဒေါနား စိတ်ဆိုးပြီး ထ,ကိုက်နေဦးမယ်"

ငပိန်တို့ မွေးချင်းများကို သူတို့ အလွန်စိတ်ဝင်စားကြ၏။ ငပိန့်အမေ အလစ်တွင် လာ၍ ချီကြ၊ မ,ကြနှင့် ပျော်ရွှင်မဆုံး တပြုံးပြုံး။

"အထီး ၃ ကောင်ဟော့၊ အမ တစ်ကောင်ပဲ"

"အိုကေပဲ၊ ငါတို့က ယောက်ျားလေးတွေဆိုတော့ အထီး ၃ ကောင် ယူမယ်၊ နင်က မိန်းကလေးပဲ၊ ကျန်တဲ့ အမ တစ်ကောင်ယူ"

ငွေတိုး၏ တရားမျှတမှု မရှိသော ခွဲဝေမှုကို ပိစိမ လုံးဝမကျေနပ်။

"ဒီလိုကြေးဆိုရင် ငါက အထီးကို ဘယ်အချိန်ကျမှ ရတော့မှာလဲ"

ပိစိမ ပက်ခနဲ တုံ့ပြန်၏။

ငွေတိုးနှင့် ချစ်ဖွယ်ကား ပြုံးစိစိ။ နောက်ဆုံးတော့ မကျေမနပ်နှင့်ပင် ပိစိမ ငပိန်ကို ယူရလေ၏။

ပိစိမသည် ငပိန့်အမေကို မက်ဒေါနားဟု လှလှပပ နာမည်ပေးခဲ့သော်လည်း ငပိန်ကိုမူ သူ့နာမည်နှင့် တူနေမည်စိုး၍ ငပိန်မဟု မှည့်ပြီးမှ ငပိန်ဟု ပြောင်းခေါ်ခဲ့၏။ အဲဒီ နောက် ငပိန်သည် ပိစိမ၏ မကျေမချမ်း ဂရုစိုက်ခြင်းကို ခံရလျက် ပိစိမတို့အိမ်၌ မြဲနေခဲ့ခြင်း ဖြစ်၏။

ငပိန်နှင့် ပေါက်ဖော် ညီအစ်ကို ၃ ယောက်မှာမူ မိခင်ကြီး မက်ဒေါနားအား စောစီးစွာပင် ခွဲခွာသွားရ၏။ ငွေတိုးနှင့် ချစ်ဖွယ်က ငပိန်တို့သားချင်းတစ်စုကို မျိုးမကောင်းဟု ဆုံးဖြတ်ကာ ရသည့်ဈေးနှင့် အမြန်ရောင်းပစ်လိုက်ကြ၏။ ငပိန်ကို ရောင်းရန် ပိစိမကိုပင် တိုက်တွန်းသေး၏။

ပိစိမကား ငပိန်ကို မရောင်းချင်။

ပိုက်ဆံကိုမူ လိုချင်၏ ။

"ပိစိမ၊ နင် ဘာသိလို့လဲ၊ ခွေးဆိုတာ ပေါက်စလေးသာ လှတာ၊ ခုဟာတွေက မျိုး လုံးဝမကောင်းဘူး၊ ကြီးလေ ပုံမလာလေပဲ၊ ခု ဝ,တုန်း ရောင်းလိုက်၊ ငါ ၁၀ ပေးမယ်၊ နင့်ကို သနားလို့"

"တစ်ဆယ်နဲ့တော့ မရောင်းနိုင်ပါဘူး"

"အောင်မယ်၊ ဈေးကကိုင်ချင်သေး၊ ငါ့ကောင်တွေတောင် သုံးလေးဆယ်ပဲ ရတာ ၊ ဒါတောင် အထီးမို့၊ အမဆို ဝယ်သူတောင် မရှိဘူး"

ငပိန်၏ ကုသိုလ်ကံကား ဆိုးလှချေသည်တကား။ ရုပ်အဆင်းရူပကာ ပုံမလာသော ဘဝ၌ ပင် လူတွေ မကြိုက်သည့် အမဘဝ ရောက်ရချေသေး၏ ။ ပိစိမ၏ ကျေးဇူးကား ကြီးပေစွ။

"မရှိလည်း နေ၊ ငါ့ဘာသာ မွေးမယ်၊ သူက ရုပ်ဆိုးပေမယ့် လိမ္မာတယ်"

ပိစိမသည် ငပိန်အား မျိုးမကောင်းဟူသော ပြစ်ချက်နှင့် စွန့်မပစ်ခဲ့။ ဘယ်လောက် ကျွေးကျွေး ဝ,မလာဘူး။ ပိန်တာရိုးပဲ ဆိုသော စွဲချက်ဖြင့် ကြည့်မရ ဖြစ်လာခဲ့၏ ။ (စင်စစ် ပိစိမ ကျွေးသော အစားအသောက်မှာ ဆင့်ပါးစပ် နှမ်းပက်သလိုသာ ရှိချေ၏ ။) ငပိန်ကို ကြည့်မရဆုံး လူသားမှာ ပိစိမတို့အမေ ဒေါ်မတုတ် ဖြစ်လေ၏ ။

"ပိစိမ၊ နင့်ခွေးမကို လုပ်ဦး၊ ဟိုဟာ လာနမ်း၊ ဒီဟာ လာနမ်းနဲ့၊ ငါ ပြောနေတယ်နော်၊ ခု ငယ်တုန်း ပစ်လိုက်လို့၊ မက်ဒေါနားတစ်ကောင်နဲ့တင်

ဒီလောက် တရုန်းရုန်း ဖြစ်နေတာ၊ ငါ သည်းမခံနိုင်တော့ဘူး၊ ငယ်တုန်း ယူသူရှိရင် ပေးလိုက်ပါဆိုတာ မပေးဘူး။ သွားပစ်ချေ၊ ပြန်မလာနိုင်တဲ့ နေရာထိ သွားပစ်ချေ၊ ဒီတစ်ခါ မပစ်ရင် နင်နဲ့ငါနဲ့ တွေ့မယ်၊ နင့်ကို ထမင်းအငတ်ထားမယ်၊ ဘယ့်နှယ်တော်၊ လူတောင် အနိုင်နိုင် စားနေရတာ သူတို့ကို ခွေးတစ်အုပ်တစ်မကြီး မွေးချင်ရသေး”

ဒေါ်မတုတ် ပြောသည့်အတိုင်း လုပ်တော့မည် ဆိုတာ ပိစိမ သိလေ၏။ ထို့ကြောင့် ပိစိမသည် ငပိန့်ကို ကြည့်ရင်း မျက်ရည်နှစ်စက်လောက် ကျပြီးမှ ငွေတိုးတို့ကို လက်လွှဲပေးလိုက်၏။ ငွေ ၁၀ ပေးဖို့ တောင်းရာ မဖြစ်မနေ အလကား ပစ်ရမှာပဲဟု ဆိုကာ မပေးသည့်အပြင် ငပိန့်ကို နောက်ဆုံးအနေနှင့် မုန့်ဝယ်ကျွေးရန်ဟု ဆို၍ ပိုက်ဆံ ၅ ကျပ်ပင် တောင်းယူသွားသေးသည်။ ငပိန် မှတ်မိသလောက်တော့ ငပိန်သည် လမ်းသလားနေသော မိခင်မက်ဒေါ်နားကို နောက်ဆုံးအနေဖြင့် နှုတ်ဆက်ခြင်းလေးမှ မပြုလိုက်ရဘဲ မွန်းကျပ်မည်းမှောင်နေသော ဂုံနီအိတ်တစ်လုံးအတွင်းမှ ဒလိမ့်ခေါက်ကွေး ပစ်ချခံခဲ့ရသည်သာ ဖြစ်၏။

ပိစိမ ပေးလိုက်သည့် ငွေငါးကျပ်နှင့် ဝယ်ပေးသည့် မုန့်တစ်စေ့တစ်မှုန့်ကိုလေးမှ ငပိန် မစားခဲ့ရကြောင်း ပိစိမသာ သိလျှင် ကြေကွဲပေမည်။ သြော်… ရက်စက်လှသော လူသားများပါတကား။

သို့ဖြင့် အရာရာကို စီးပွားရေးတွက် တွက်တတ်သော လူသားသတ္တဝါများ၏ ရက်ရက်စက်စက် စွန့်ပစ်ခြင်း ကို ခံရကာ ငပိန်၏ တစ်ကိုယ်တော် လေလွင့်ခြင်း စတင်ခဲ့၏။ ငပိန်သည် မှီခိုစရာ နေရာတစ်ခု ရလိုရငြား မနက်မိုးလင်းစမှ မိုး စုပ်စုပ်ချုပ်သည်အထိ တစ်လမ်းဝင် တစ်လမ်းထွက် ရှာဖွေကြည့်ခဲ့၏။ တစ်ချက်လောက် လှည့်ကြည့်တတ်သည့် လူသားတစ်ဦးဦးကို

တွေ့လျှင် နောက်တော်ပါးမှ ခေါ်လိုခေါ်ငြား လိုက်သွားကြည့်၏။

တစ်ခါလည်း ငပိန်ကို စိတ်ဝင်စားပုံရသော ခေါင်းစုတ်ဖွားနှင့် လွယ်အိတ် လွယ်ထားသော လူတစ်ယောက် နောက်သို့ ငပိန် လိုက်သွားခဲ့၏။ ကျွဲကော်ကိုင်း မျက်မှန်တပ်ထားသော ထိုပုဂ္ဂိုလ်၏ မျက်ဝန်းများ၌ လူတကာကို အားနာထောက်ထားတတ်သော အရိပ်အငွေ့များ ရှိသည်ဟု ငပိန် ထင်ခဲ့၏။

ထိုလူသည် အိမ်ရောက်သည်အထိ ငပိန် ပါမလာမှာကို စိုးရိမ်နေသည့်အလား လှည့်ကြည့်လှည့်ကြည့် လုပ်နေခဲ့၏။ ပြီးတော့ ငပိန်ကို အမွေစား အမွေခံ မွေးစားရန် သူ့အိမ်ရှင်မအား တိုင်ပင်သံ ကြားလိုက်ရ၏။ ငပိန်မှာ ထိုသူအား ကျေးဇူးတင်လွန်းစွာဖြင့် ဖက်ယမ်းနမ်းရှုပ် ပြုချင်လှ၍ မနည်းထိန်းကာ ခပ်ကုပ်ကုပ် ငြိမ်နေရလေ၏။

“မိန်းမရေ၊ ဒီမှာ ငါ့နောက်က ခွေးလေးတစ်ကောင် တကောက်ကောက် လိုက်လာတယ်ကွ၊ စိတ်ဝင်စား စရာပဲ၊ တို့များဆီမှာ နေချင်လို့ ထင်ပါရဲ့၊ မွေးထားလိုက်ရအောင်ကွာ၊ ထူးခြားမှု တစ်ခုခု ရှိမယ် ထင်တာပဲ”

ငပိန် အလွန်အမင်း ပျော်ရွှင်သွားရ၏။ ပျော်လို့မှ မပြီးသေး။

“ကိုအဘ… ရှင့်ကိုယ်ရှင် ဘာမှတ်နေလဲ၊ နိုင်ငံခြားမျိုး တန်ဖိုးကြီးခွေးကို ကားပေါ်တင်ခေါ်ပြီး ကားတဝီဝီ မောင်းနေနိုင်တဲ့ ကုမ္ပဏီပိုင်ရှင်များ ဖြစ်သွားလို့လား၊ ရှင် သိဖို့ကောင်းတယ်၊ ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်နေတဲ့ သက်ကျားအို စာရေးဆရာဆိုတာ ကိုယ့်ကိုယ်ကို သဘောပေါက်ဖို့ ကောင်းတယ်၊ ဒီအိမ်ပေါ်ကတောင် နေ့လား ညလား မသိ ဆင်းပြေးရမယ့်ကိန်း ဆိုက်နေတာ၊ ဒါကို ဦးနှောက်ထဲ မသွင်းဘဲ ရှင်က ပိန်ညှော်ညှော် စုတ်ပွဲပွဲ ကလေးကဝ ခွေးကိုများ

သံယောဇဉ် ကြီးပြီး မွေးချင်စိတ် ပေါက်ရသေးတယ်လို့၊ ခု မောင်းထုတ် ခုချက်ချင်း မောင်းထုတ်၊ ရှင် ဘာသိလို့လဲ၊ ခွေးဆိုတဲ့ အမျိုးက စားရမှန်း သိရင် လူကို တွယ်ကပ်နေချင်တာ၊ ဘာမှ ကျွေးမယ် မကြံနဲ့”

ငပိန်သည် မျက်လွှာ အောက်ချထားရာမှ လူမိန်းမအား တစ်ချက်စွေစောင်း ကြည့်လိုက်၏။

ထိုအချိန်၌ ပိစိမ အမေ ဒေါ်မတုတ် မျက်နှာပြုံပြုံကြီးကို ငပိတ် မြင်ယောင်သွားမိ၏။

လူမိန်းမကြီးများ၏ ပါးစပ်ပေါက်များသည် တစ်သံတည်းသော စကားကိုသာ ဆိုလေ့ရှိကြောင်း ငပိန် သိရလေပြီ။

“မမွေးနဲ့ဆိုလည်း မမွေးပါဘူးကွာ၊ ဒါပေမဲ့ မင်းပြောတာ မဟုတ်သေးဘူး ထင်တယ်၊ စားရမှန်းသိရင် တွယ်ကပ်နေချင်တယ် ဆိုတာ ခွေးဆိုတဲ့ အမျိုးအစား တစ်ခုတင်တော့ မဟုတ်ဘူးကွ နော်”

ငပိန်သည် ဟုတ်တိုင်းမှန်ရာကို ပြောဆိုတတ်ပုံရသော ဘက်မလိုက် ပုဂ္ဂိုလ်ကြီးအား ကျေးဇူးတင်သော မျက်လုံးများဖြင့် ခဏစိုက်ကြည့်၍ လူမိန်းမကိုမူ မုန်းတီးသော မျက်လုံးများနှင့် တစ်ချက် စွေစောင်း ကြည့်ကာ လမ်းမကြီးဆီသို့ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။

ငပိန်သည် လူသတ္တဝါများအား စိတ်နာစွာဖြင့် ဦးတည်ရာမဲ့ လေလွင့်နေလေသည်။

ရက်ပိုင်းအတွင်းပင် ငပိန်သည် ရပ်အဆင်းမှာ ပိစိမတို့အိမ်၌ နေရစဉ်

ရုပ်ထက် ဆိုးလာလေ၏ ။

ပိစိမအမေ ဒေါ်မတုတ်မှာ ငပိန်ကို မသထာသော်လည်း ပိစိမမှာ သူစားရမည့် ထမင်းကိုပင် ချန်၍

ငပိန်အား ကျွေးတတ်သူ ဖြစ်၏ ။ ထို့အတွက် ပိစိမ ဆိုသော လူသားတစ်ယောက်ကိုမူ ငပိန် ကျေးဇူးတင်လှသဖြင့် မမေ့အပ်သည့်စာရင်း၌ ထည့်သွင်းထားပါ၏ ။ ခုတော့ ငပိန်ကို အငတ်ခံကျွေးသည့် ပိစိမနှင့်လည်း မိုင်ပေါင်းအသင်္ချေ ဝေးခဲ့ရပြီ။ ပိစိမတို့ နေသည့် လှိုင်သာယာ ဆိုသည့် အရပ်က ဘယ်ဆီမှာ

ကျန်ရစ်ခဲ့မှန်းပင် ငပိန် မသိ။ ဘာပဲဖြစ်ဖြစ် ငပိန် ကိုယ့်ဝမ်းကိုယ် ကျောင်းရပေတော့မည်။

ငပိန်သည် အမဲရိုးတစ်ခုကို ကိုက်နေသော မျိုးတူသတ္တဝါကြီးကို တွေ့ရ၍ သနားစဖွယ် မျက်နှာလေးဖြင့် ခပ်ရို့ရို့ ပြုံး ပြ နှုတ်ဆက်လိုက်၏ ။ ထိုသတ္တဝါကြီးက အမဲရိုးကို လောဘတကြီး အငမ်းမရ ကိုက်ရင်း ငပိန်ကိုပါ စားတော့ဝါးတော့မလို ဟန်ပြင်၍ တဂီးဂီးလုပ်ကာ ခြောက်လှန့်ထုတ်လေ၏ ။ အသည်းငယ်သော ငပိန်မှာ အနားပင် မသီဝံ့တော့ဘဲ ချည့်နဲ့နဲ့ ခြေလှမ်းများဖြင့် ထိုအရပ်မှ ခွာထွက်လာရပြန်သည်။ ဝေမျှခံစားစေချင်သည် ဆိုသော သဘောကား ငပိန်တို့ မျိုးနွယ်တွေထဲ၌ မရှိချေပါလား။

ထိုမှဆစ်၍ ငပိန်သည် လမ်းဘေး အမှိုက်ပုံကြီးတစ်ခုတွင် စားစရာ ရလိုရငြား အနံ့ခံ ရှာဖွေကြည့်၏ ။ မျိုးတူသတ္တဝါဆို၍ တစ်ကောင်တစ်မြီးမှ မရှိ။ လူသားများကား ဘာကို ရှာဖွေနေသည် မသိ။ တုတ်တစ်ချောင်းနှင့် တောင်ထိုး မြောက်ထိုး လုပ်နေလေ၏ ။ ကိုယ့်အစာ ကိုယ် ရှာစားနေသော ငပိန်ကိုပင်

မဆီမဆိုင် တွေ့ရာ ခဲလုံးဖြင့် ပေါက်လျက် လက်ကမြင်းလိုက်သေး၏ ။ မကြာပါချေ။ ငပိန့်အနီးသို့ မျိုးတူသတ္တဝါများ ရောက်ရှိလာကြ၏ ။

ငပိန်ကို သူစိမ်းဆိုသော အကြည့်ဖြင့် စူးစူးရဲရဲ ကြည့်နေကြ၏ ။ ပြီးတော့ တိုင်ပင်ထားသည့်အလား ငပိန်ကို အုပ်စုလိုက် ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ငပိန်ကို ခဲနှင့်ပေါက်သော တုတ်ချောင်းရှည်များနှင့် လူတွေလည်း ငပိန်နည်းတူ ရောနှောကိုက်ခံရမည်စိုး၍ အနားမှ ထွက်ခွာသွားကြ၏ ။

ငပိန် အထိနာလေပြီ။ ငပိန့်ကိုယ်၌ ဒဏ်ရာဒဏ်ချက်များလည်း မြင်မကောင်းအောင် ဗရပွဖြစ် ကျန်ရစ် ခဲ့လေ၏ ။ လွတ်လပ်စွာ မျှဝေသုံးစွဲခွင့် ရှိလိမ့်မည်ဟု ထင်ရသော လမ်းဘေးအမှိုက်ပုံကြီးကိုပင် အပိုင်စီးထားနှင့်သူတို့ ရှိနေချေပြီတကား။

လောကကြီးကား စက်ဆုပ်ဖွယ် ကောင်းလှသော ကြီးနိုင်ငယ်ညှင်း လောကကြီးပါလား။

ငပိန်သည် တစ်ကိုယ်တော် လေလွင့်နေရသည့် ဘဝကို စိတ်ပျက်ငြီးငွေ့လာ၏ ။

ဤလောကကြီး၌ တစ်ကိုယ်တော် လေလွှင့်နေ၍ အလုပ်မဖြစ်ချေ။ ပူးတွဲလုပ်ဆောင်မှ စားပေါက်စားလမ်း ပွင့်ပေလိမ့်မည်။ ထို့ကြောင့် မျိုးတူသတ္တဝါများနှင့် အတူတကွ ပေါင်းသင်းနေထိုင်နိုင်ရန် နားရွက်ထောင်ထောင်၊ အမြီးလှုပ်လှုပ် ကောင်များ မြင်လျှင် စတင်၍ ဦးညွှတ်မိတ်ဆက်ကြည့်၏ ။ အိမ်ကြိုအိမ်ကြားများ၌ မွေးဖွားကြီးပြင်းသော မျိုးတူသတ္တဝါများက သူတို့အုပ်စုထဲသို့ အလွယ်တကူ ဝင်ခွင့်မပေးကြ။ ငပိန်၏ အရည်အချင်းများကို စစ်ဆေးသမှုပြုကြ၏ ။ ငပိန်၏ အရိုးပဒေသော ခန္ဓာကိုယ်ကို ကြည့်ကာ

အထင်သေးကြပေ၏။

လူအိမ်မှာ နေခဲ့ရလျက် သူတို့လောက်မှ စိုပြည်တောက်ပြောင်မှု မရှိရသလောဟု ပြစ်တင် ရှုတ်ချ လိုက်သေး၏။ လူအိမ်တွေ၌ အရိုးအရင်းလေးလောက်မှ မကိုက်ရတော့သည်ကို သူတို့ မသိပေဘူးလားဟု ငပိန် စိတ်တိုတိုနှင့် တွေးမိ၏။ သူတို့အုပ်စုသို့ ဝင်လိုလျှင် အပြေးသန်ရမည်။ ပေါ့ပါးလျင်မြန်ရမည်။ အရှောင် အတိမ်း ကောင်းရမည်။ အရှာအဖွေ ကောင်းရမည်။ သူတို့အုပ်စုမှ တစ်ကောင်ကောင် ခံရလျှင် အုပ်စုလိုက် ဝိုင်းဝန်းတုံ့ပြန် တိုက်ခိုက်ရမည်... စသည်... စသည်ဖြင့် သူတို့အုပ်စု လမ်းစဉ်များကို လိုက်နာနိုင်ပါမှ အုပ်စုဝင်အဖြစ် လက်ခံမည်ဟု အရေးဆိုလေ၏။

အမှိုက်ပုံ၌ ငပိန် အလူးအလဲ ခံလိုက်ရသည်မှာ မျိုးတူသတ္တဝါများကို တစ်ချက် လှည့်ကြည့်ကာ ကိုယ့်အစာ ကိုယ် ရှာနေခဲ့သည့် ပြစ်ချက်ကြောင့် ဖြစ်၏။ သတ္တဝါအားလုံး၏ အကြိုက်မှာ သူ့နေရာနှင့်သူ ဂန်ကျယ်ခွင့် ရချင်လျက် အောက်ကျို့ခံ မျက်နှာချိုသွေးခြင်းကို နှစ်ခြိုက်ကြကြောင်း ငပိန် သိရှိရလေပြီ။ ထို့ကြောင့် ငပိန်သည် အုပ်စု မရှိလျှင် အလွန်အမင်း မျက်နှာငယ်ရသည့် အဖြစ်ကို ကောင်းကောင်းကြီး သဘောပေါက်နေပြီ ဖြစ်သဖြင့် တတ်အပ်သမျှ ပညာများကို ဆရာတို့ထံ၌ ကျိုးနွံစွာ တပည့်ခံ သင်ကြား၍ အုပ်စုဝင်မည့်အကြောင်း တလေးတစား ပြောဆိုလိုက်၏။

သူတို့အုပ်စု၏ ပညာရပ်များက ခက်ခဲလှ၏။ ပေါ့သေးသေး ပညာရပ်များ မဟုတ်။

လူများက သူတို့ကိုယ်ခန္ဓာကို မည်သည့်ပစ္စည်းနှင့် ကောက်ထုထု ဂိန်ဟု

မအောင်ဘဲ ခပ်အေးအေး ရှောင်ထွက် သွားရသည့် အတတ်ကား ပညာသားပါလှ၏ ။ သူတို့အုပ်စု အဆိုအရ...

"လူတွေက ငါတို့ကို ခဲလုံးကြီးကြီးနဲ့ ထုတဲ့အခါ ထိပြီး ငါတို့က ဂိန်လို့ တစ်ချက်အော်လိုက်ရင် အလွန်သဘောကျတာကွ၊ ဒီတော့ ငါတို့က လူဆိုတဲ့ အကောင်တွေကို ဂရုမစိုက်တဲ့ အပေါက်နဲ့ ခံလိုက်ရတာ တောင် မမှုသလို နေရမယ်၊ လူဆိုတဲ့ အမျိုးက နာမှန်းသိရင် ပိုထုချင်တယ်၊ ဒါကြောင့် လူတွေကို ငါတို့ရဲ့ ခံနိုင်ရည်ရှိမှုနဲ့ ပညာပြရတာ ပဲ၊ လူဆိုတဲ့ အကောင်တွေက နိုင်ရာဖိထောင်းချင်တဲ့ ကောင်တွေကွ၊ သူတို့ကို ချဉ်းကပ်တဲ့ အခါ ဦးနှောက်ကို ကောင်းကောင်း အသုံးချတတ်ဖို့ လိုတယ်"

အုပ်စုခေါင်းဆောင် ဆရာများကို ငပိန် အလွန်သဘောကျသွား၏ ။ သူတို့အုပ်စုကား ဆရာ တင်ထိုက်သူများသာတည်း။

လောကကြီးအပေါ် စိတ်ကုန်ခမ်းနေသော ငပိန်သည် အုပ်စုဝင်ဖြစ်ပြီးနောက် စိတ်ဓာတ်များ တက်ကြွ လာလေ၏ ။ ပိစိမတို့ အိမ်တုန်းက ဒေါ်မတုတ်၏ အချိန်ပြည့် ဆူဆဲသံကို မခံနိုင်သဖြင့် ဘေးထိုင်၍ ငေးမှိုင်နေသော ငပိန်ကို ဒေါ်မတုတ်က အသားလွတ် ပိတ်ကန်သောအခါ ဂိန်ဟု ငပိန် အော်မိမြဲ ဖြစ်၏ ။

ခုတော့ ငပိန်သည် ဂိန်ဟူ၍ အော်တတ်သူ မဟုတ်တော့။ ဂဲခနဲ ဖြဲခြောက်တတ်သော ပညာရပ်များကိုလည်း ဆရာများ၏ ကျေးဇူးကြောင့် ပိုင်နိုင်တတ်ကျွမ်းသွားပြီ ဖြစ်၏ ။ တစ်ခါမှ မစားရဖူးသော အမဲရိုး၊ ဝက်ရိုးများကိုလည်း ကိုက်ဝါးနေရ ပြီ ဖြစ်၏ ။ ငပိန်၏ နံရိုးလေးများပင် ကွယ်ပျောက်လုနီးနီး ဖြစ်လာချေပြီ။ ငပိန် အနားကို ရစ်သီချင်နေသော

သကောင့်သားများလည်း အလျှိုလျှို ပေါ်လာပြီ ဖြစ်၏ ။ သို့သော် အုပ်စုစည်းကမ်းကို ငပိန် မဖောက်ဖျက်။ အုပ်စု မကြည်ဖြူသူကို ငပိန် မကြည်ဖြူ။ အုပ်စုက ကြည်ဖြူသူများကိုသာ ငပိန် မျက်နှာသာပေး၏ ။

ငပိန်ကား အုပ်စုကြိုက် ရေလိုက်ငါးလိုက် အလိုက်အထိုက် နေတတ်သော ပညာလည်း တတ်မြောက်ခဲ့ပြီ။ ထို့အတွက် ဒေါ်မတုတ် အပါအဝင် ပိစိမတို့ အားလုံးကို ကျေးဇူးတင်လေ၏ ။

ဒီအရပ်သို့ ရောက်ခဲ့ရသည့်အတွက် ဒီအုပ်စုသို့ ဝင်ဖြစ်ခဲ့ရခြင်း ဖြစ်၏ ။ ဒီအုပ်စုဝင် ဖြစ်ခဲ့ရသည့်အတွက် အခုလို ဝလင်တောက်ပြောင်လာခဲ့ခြင်း မဟုတ်ပါလော။

ဘာပဲဖြစ်ဖြစ်၊ ကောင်းကောင်းကြီး အပါးဝလာပြီ ဖြစ်သော ငပိန်သည် ကိုယ့်ဘဝကိုယ် အကျေနပ်ကြီး ကျေနပ်ကာ မိခင်ကြီး မက်ဒေါ်နားအပေါ် မကျေမနပ် ဖြစ်ခဲ့သော စိတ်များကိုပင် မေ့ဖျောက်လျက် ခွင့်လွှတ်ကျေနပ်နိုင်လေပြီ…။

*

# အေးရိပ်

## (၁)

"အမယ်လေး ကောင်းကြသေးရဲ့လား မရှုဆိတ်ကြီးရဲ့၊ ညည်းညီမလုပ်သွားပုံ ကောင်းလွန်းလို့ တရားလာချလှည့်ပါဦး သူတော်ကောင်းမကြီးရဲ့"

ဝင့်ဝင့်သည် ဘုရားရှိခိုးပြီး မေတ္တာပို့ ဆုတောင်းနေရာမှ မိခင်ဖြစ်သူ၏ အမလေးတစ်ချက် ဟစ်လိုက်သောအသံကြောင့် ထုအုံ့ဆဲဆဲ ကြေးစည်နှင့် လက်ခတ်ကို အသာချကာ ဘုရားခန်းထဲမှ အပြေးထွက်လာရလေသည်။

"ဘာဖြစ်လို့လဲ အမေ"

"ဘာဖြစ်ရမှာလဲ၊ ညည်းညီမ မိဆင့် လင်နောက်လိုက်ပြေးသွားပြီလေ။ ကောင်းသေးရဲ့လား မရှုဆိတ်ကြီးရဲ့"

"ဘယ်တတ်နိုင်မှာလဲ အမေရယ် သူကြိုက်လို့ လိုက်သွားမှပဲ။ သမီးတို့လည်း ဒီလောက်တားနေတဲ့ဥစ္စာ။ သူ့ဘဝသူ စိတ်ကြိုက်ဖန်တီးသွားတာပဲ။ အမေ စိတ်လျှော့လိုက်ပါတော့နော်"

"မလျှော့နိုင်ဘူး။ မလျှော့နိုင်ဘူး။ ညည်းသာ အရာရာကို ရှုဆိတ်နိုင်တဲ့

မိန်းမမို့ ဥပေက္ခာပြုနေနိုင်တာ။ ငါကတော့ သူ့အတွက် နည်းနည်းမှ စိတ်မအေးဘူး။ ပြောစမ်းပါဦး။ ငါ ဘယ့်နှယ်လုပ်ရမလဲ။ သင်းပြန်လာအောင် ငါ ဘယ်လိုလုပ်ရမလဲဆိုတာ"

"ခက်လိုက်တာ အမေရယ်။ သူတို့ချင်း မခွဲနိုင် မခွာရက်ဖြစ်နေလို့ လိုက်ပြေးပါပြီဆိုမှ ပေးစားလိုက်ရုံရှိတော့တာပေ့ါ။ ကောင်လေးကို ပြန်အပ်ဖို့ပြောပြီး သင့်တင့်သလို မင်္ဂလာဆောင်ပေးလိုက်ဖို့ပဲ ရှိတာမဟုတ်လား။ အမေ့သဘောပေ့ါလေ။ အမေ မကျေနပ်ရင်လည်း သူ့ထိုက်နဲ့သူ့ကံ နေပါစေပေ့ါ။ ကျွန်မလည်း မဖြစ်သင့်တာ မဖြစ်ရအောင် အမြဲတမ်း ပြောဆိုဆုံးမနေတာပဲ"

ဝင့်ဝင့်သည် ညီမဖြစ်သူ ဆင့်ဆင့်ကြွယ်၏ မျက်နှာကို ပြန်လည်မြင်ယောင်မိကာ ဒေါသသံအနည်းငယ်စွက်၍ ပြောလိုက်၏ ။ အသက် ၂၀ ပြည့်တာပင်မကြာသေး၊ သူမို့ လင်ယူသားမွေးကိစ္စကို ဒီလောက်အသက်အရွယ်ကလေးနှင့် လုပ်ရက်ပလေတယ်ဟုတွေးကာ မချိတင်ကဲ ဂမ်းနည်းဒေါသဖြစ်ရ၍ မျက်ရည်ပင်လည်လာရလေ၏ ။

"ယောက်ျား ယူပါ...ယူပါ... ပြောခံနေရတဲ့ မိန်းမကတော့မယူဘဲ ငါ့ဆန္ဒကို ငြင်းဆန်တယ်။ အခုငယ်သေးလို့ မယူပါနဲ့ဦး၊ သင့်တော်တဲ့လူတွေ့တော့ ပေးစားပါ့မယ်လို့ အတန်တန်မှာထားတဲ့ကြားက လင်လိုချင်လှတဲ့ မိန်းမက လိုက်ပြေးပြီ။ ညည်းတို့တွေ အမေ့ဆန္ဒကို တစ်ယောက်မှဖြည့်ဆည်းမပေးကြပါလား၊ ငါ့စကားကို နားထောင်မယ့် သားသမီးရော ရှိကြသေးရဲ့လား၊ ပြောစမ်းပါဦး"

ဝင့်ဝင့်သည် ဝေ့ဝဲလာသောမျက်ရည်တို့ကို မျက်တောင်တဖျပ်ဖျပ်ခတ်၍ ဖယ်ရှားပစ်ရင်း ဂမ်းနည်းပက်လက်ရှိုက်ငိုနေသော ဒေါ်လှမေအား စိတ်မကောင်းခြင်းကြီးစွာဖြင့် ငေးမောကြည့်နေမိလေသည်။ ဒေါ်လှမေက ဝင့်ဝင့်ထည်အား အိမ်ထောင်ချပေးလို၏ ။ တောင်းရမ်းထားသူကလည်း အဆင်သင့်ရှိနေ၏ ။

အတော်အသင့်ချမ်းသာကြွယ်ဝသော စိတ်သဘောထားဖြူစင်သော သတို့သားလောင်းလေးကို ဒေါ်လှမေ မျက်စိကျနေသည်မှာ ကြာခဲ့ပြီ။ အသက် ၂၆နှစ်ရှိပြီဖြစ်သော ဝင့်ဝင့်ကား ငယ်ပါသေးတယ်အမေရယ်၊ အိမ်ထောင်ရေးကို သမီး စိတ်မဝင်စားပါဘူးဟုဆိုကာ ကမ်းလှမ်းလာသူကို အပြတ်ငြင်းဆန်ပစ်လိုက်၏ ။ ဝင့်ဝင့်အား ချစ်ခင်စုံမက်နေသော ထိုသတို့သားလောင်းအား သမီးငယ်ဖြစ်သူ ဆင့်ဆင့်အတွက် လွှဲပြောင်းပေးလို့ရက ဒေါ်လှမေ ပေးလိုလှ၏ ။ သို့သော် တစ်ဖက်က ဝင့်ဝင့်မှ ဝင့်ဝင့်ဖြစ်နေတော့ ဒေါ်လှမေ လက်မှိုင်ချခဲ့ရလေသည်။

ယောကျ်ားပေးစားလို့မရသည့် သမီးနှင့် ဒေါ်လှမေ နိစ္စဓူဝငြင်းရခုံရတာလည်း မောသည်မရှိ။ မောင်နှမခြောက်ယောက်၌ အချောဆုံးသမီးဖြစ်သော ဝင့်ဝင့်ကို ဒေါ်လှမေက မျှော်လင့်ချက်ကြီးကြီးထားခဲ့၏ ။ ဒေါ်လှမေ မျှော်လင့်သည့်အတိုင်း ဝင့်ဝင့်ကို စေ့စပ်တောင်းရမ်းလာသူတို့မှာလည်း ဝင့်ဝင့်နှင့် လိုက်ဖက်သင့်တော်သူများသာ ဖြစ်ကြလေသည်။ ဝင့်ဝင့်ကား နာမည်နှင့်လိုက်အောင် အလှဂုဏ်ကြွယ်၍ မာနတွေဝင့်ဝင့်ထည်နေသလားဟု ထင်ရလောက်အောင် စေ့စပ်တောင်းရမ်းလာသူမှန်သမျှကို ခေါင်းတခါခါ ငြင်းပယ်ဆဲ။

"ဝင့်ဝင့်၊ ညည်းလည်း အမေစိတ်အေးရအောင် အမေ့စကား နားထောင်လိုက်ပါတော့အေ။ ခု ကြည့်စမ်း အမေ ဘယ်လောက်စိတ်ဆင်းရဲရလဲ၊ ကိုယ့်သမီးမတော်တရော်လူနဲ့ ရသွားတော့ မိဘတွေ ဘယ်လောက်ခံစားရသလဲ။ မသိဘူး၊ ဒါတွေ သူတို့မသိကြဘူး၊ မိဘကျေးဇူးဆပ်ဖို့ဆိုတာ ဝေးပါရော"

အနွေးအကျီ အောက်နားစနှင့် မျက်ရည်သုတ်ကာ ဗလုံးဗထွေးပြောဆိုနေသော ဒေါ်လှမေ၏ ခံစားချက်တို့ကို ဝင့်ဝင့်ကိုယ်ချင်းစာ နားလည်ပေးနိုင်သည့်အတွက် အမေ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ချင်၏ ။ ဝင့်ဝင့်အပေါ် လိုလားနှစ်သက်စွာ တောင်းရမ်းထားသူကို လက်ခံလိုက်လျှင် အမေ ပြုံးပျော်ကျေနပ်နိုင်မှာ သေချာသည်။ သို့သော် ဝင့်ဝင့်က အဲဒီ ညွှန်ကြီးထဲသို့

ဆင်းဖို့ရာ တွန့်ဆုတ်နေ၏။

ဒေါ်လှမေက ဝင့်ဝင့်အား ဆရာဝန်ကတော်၊ အင်ဂျင်နီယာကတော်၊ အရာရှိကတော်အဖြစ်သာ ကြည့်မြင်ချင်၏။ သာမန်ရုပ်ရည်အဆင့်သာရှိသော မိမိပင် အတော်အသင့် ရာထူးဂုဏ်ရှိန်ရှိသော ကတော်တစ်ယောက်ဖြစ်ခဲ့သည်မဟုတ်ပါလား။ သို့ပေမယ့် ဒေါ်လှမေ အသက်၄၅နှစ်တွင် မုဆိုးမဖြစ်ခဲ့သည့်အတွက် သားသမီးခြောက်ယောက်နှင့် အတော်ကြီးရုန်းကန်ခဲ့ရ၏။ ခုချိန်မှာတော့ လူလွတ်ဆို၍ နို့ညှာသမီး ဝင့်ဝင့်ထည်နှင့် အငယ်ဆုံးသမီး ဆင့်ဆင့်ကြွယ်သာရှိတော့၏။ သားကြီးနှစ်ယောက်ကား အိမ်ထောင်ကျကတည်းက သူ့အိုးသူ့အိမ်နှင့် ရပ်တည်နိုင်လေသည်။ ထိုသို့ရပ်တည်နိုင်အောင်လည်း ဒေါ်လှမေက မရှိရှိရာကို ထုခွဲရောင်းချ၍ စီစဉ်ပေးခဲ့၏။ သားနှစ်ယောက်ကို လက်လွှတ်လိုက်ရသော်လည်း သမီးကြီး မြင့်မြင့်နွယ်နှင့် သားငယ်စိုးနောင်မှာမူ နောက်လိုက်နောက်ပါများ ရသည်အထိ ဒေါ်လှမေအိမ်၌ သောင်တင်နေဆဲဖြစ်၏။

သမီးကြီး မြင့်မြင့်နွယ်ကတော့ အိမ်ခွဲဆင်းတော့မည်ဆိုသောစကားကို မကြာခဏပြောနေလေပြီဖြစ်၏။ ဒေါ်လှမေနှင့် မြင့်မြင့်နွယ်မှာ အတူနေရသော်လည်း တည့်လှသည်မရှိချေ။ သားအမိချင်း ရန်ဖြစ်နေကျဖြစ်သော်လည်း 'အမေ့အိမ်မှာ မနေတော့ပါဘူး၊ အိမ်ခွဲတော့မယ်'ဟု မြင့်မြင့်နွယ်က အရွဲ့တိုက်လေလျှင် အတူနေမြေးများအပေါ် အချစ်ပိုလွန်းသော ဒေါ်လှမေမျက်ရည်တစမ်းစမ်း ဖြစ်ရလေသည်။ သမီးကြီးကမွေးလာသည့် မြေးကို မြေးဦးပေမို့ အချစ်ပို အလိုလိုက်ထားတော့ အတူနေချွေးမက မကျေနပ်ချင်။ သားငယ်ဖြစ်သူ စိုးနောင်၏ အမျိုးသမီးမှာ ဆင့်ဆင့်ကြွယ်နှင့် မတိမ်းမယိမ်း အရွယ်တူနီးပါးဖြစ်နေ၍ နေရာတကာ ပြိုင်ချင်ကြပြန်၏။ ဘာမဟုတ်တာလေးကအစ သမီးယောက်မနှစ်ယောက် ပြိုင်နေတာကို ဝင့်ဝင့်ထည် စိတ်ပျက်လေသည်။

ဘယ်သူနှင့်မှ မရောဘဲ အိမ်အလုပ် လုပ်စရာရှိလျှင်လုပ်၊ သွားစရာရှိသွား၊ ဘာအလုပ်မှမရှိလျှင် ဘုရားစာဖတ်၊ ဘုရားရှိခိုး၊ တရားထိုင်စသည့် အလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်လျက် အေးဆေးတည်ငြိမ်နေတတ်သော ဝင့်ဝင့်ထည်သည် တစ်အိမ်လုံး၏ ပုဏ္ဏားတိုင်ဖြစ်ရလေသည်။ တစ်ယောက်နှင့်တစ်ယောက် အချေအတင် မကျေမလည်ဖြစ်ကြလျှင် ဝင့်ဝင့်ရယ်ဆိုသည့် နိဒါန်းဖြင့် ဝင့်ဝင့်ကိုသာ တိုင်တည်ပြောဆိုလေ့ရှိ၏။ ဘယ်သူ့ဘက်မှ မလိုက်တတ်သော ဝင့်ဝင့်က ငြင်းပယ်ချက်၊ ထောက်ခံချက်မပေးဘဲ နားထောင်လေ့ရှိသဖြင့် ဒေါ်လှမေက ဝင့်ဝင့်အား 'မရှူဆိတ်' ဟု အမည်သစ်ပေးထားလေ၏။

အမေ၊ မိဘ၊ မောင်နှမသားချင်းတို့အပေါ် သံယောဇဉ်နည်းပါးသူ၊ ဥပေက္ခာပြုရက်နိုင်သူအဖြစ် ဝင့်ဝင့်ထည်အား ဒေါ်လှမေ မကျေနပ်ချင်။ ဆင့်ဆင့်ကြွယ်ကတော့ဖြင့် အမေက ချွေးမအကြောင်းနည်းနည်း မကောင်းပြောလျှင် သူက ပိုပိုသာသာလေး ဖြည့်စွက်ထောက်ခံ၍ အမေ့အကြိုက်လိုက်တတ်လေ၏။ ဝင့်ဝင့်ကမူ အစ်မမို့၊ ယောက်မမို့၊ အစ်ကိုမို့၊ ခဲအိုမို့ မခွဲခြားဘဲ မြင်သည့်အတိုင်းအမှန်ကိုသာဆိုလေ့ရှိသဖြင့် ဒေါ်လှမေနှင့် စည်းဝါးမကိုက်လှချေ။ သို့ပေမယ့် ဝင့်ဝင့်ထည်အား သားသမီးခြောက်ယောက်ထဲတွင် စိတ်ရင်းစေတနာ အဖြူစင်ဆုံး၊ အဖြောင့်မှန်ဆုံးသမီးအဖြစ် ဒေါ်လှမေစိတ်တွင်းမှ အမှတ်ပေးထားလေသည်။

ဝင့်ဝင့်ထည်နှင့် ဒေါ်လှမေ မတည့်သည့်အဓိကအချက်မှာ ဝင့်ဝင့်ထည် ယောက်ျားမယူချင်သည့်အချက်ကြောင့်သာ ဖြစ်၏။

အသက်၁၈နှစ်အရွယ်လောက်ကပင် စေ့စပ်တောင်းရမ်းလာသော သင့်တော်သူနှင့် ကြုံခဲ့၍ ဝင့်ဝင့်ထည်အား တိုက်တွန်းခဲ့၏။ အဲဒီ တုန်းက ငယ်သေးသည်ဟုပြောကာ ငြင်းခဲ့၏။ ထားတော့။

"အမေရယ်၊ သမီးအတွက်စိတ်ချပါ၊ သမီး တစ်ကိုယ်ရေ တစ်ကာယ

ဘယ်လိုပဲနေနေရပါတယ်။ သမီးအတွက် အမေ စိတ်ဆင်းရဲမခံပါနဲ့နော်။ သမီးအတွက် အမေ စိတ်ချမ်းသာရပါစေမယ်။ သမီးလင်ကောင်း သားကောင်း မလိုချင်ဘူး အမေ၊ သမီးကောင်းတစ်ယောက်ပဲ ဖြစ်ချင်တယ်"

"ညည်းကိုတော့ ငါ နိုင်အောင် မပြောနိုင်တော့ဘူး ဘိက္ခုနီမရယ်"

မျက်ရည်သုတ်လိုက်၊ နှာရည်ညှစ်လိုက်နှင့် စကားတွေ တရစပ်ပြောရင်း သားသမီးတွေအတွက် ရတက်ပွေနေရသော ဒေါ်လှမေ၏ ခေါင်းမှဆံပင်ဖြူဖြူတွေကိုကြည့်လျက် ဝင့်ဝင့်ထည်တစ်ယောက် စိတ်မကောင်းခြင်းကြီးစွာဖြင့် မျက်စိစုံမှိတ်၍ သက်ပြင်းချလိုက်လေသည်။

*

## (၂)

"ဝင့်ဝင့်ရယ်၊ ညည်းရုပ်ညည်းရည်နဲ့ ဒီခေတ်ကြီးထဲမှာ စည်းစည်းစားစားလည်း လုပ်ပါဦးအေ"

သက်ပြင်းရှည်ကြီးချကာ စိတ်ပျက်လက်ပျက်ပုံစံနှင့် ပြောလိုက်သော အစ်မကြီး မြင့်မြင့်နွယ်၏ စကားကြောင့် ဝင့်ဝင့် စိတ်ထိခိုက်သွားရလေသည်။ အရေပြားတစ်ထောက်လောက်သာနက်သည့် မိန်းမတွေရဲ့ ရုပ်အလှအပေါ် သူတို့ဘာလို့ ဒီလောက်အာသာငမ်းငမ်း တပ်မက်စိတ်လွှန်ကဲနေရသနည်း။ အမေကလည်း ဝင့်ဝင့်ထည်၏ ဒီအလှအတွက်ပဲ လူ့ဘဝ၌ ဂုဏ်သရေရှိ ယောကျ်ားတစ်ယောက်၏ ဇနီးမယားအဖြစ် တင့်တယ်စွာ ရုပ်တည်နေရမည်ဟုဆိုခဲ့၏ ။ ပြီးတော့ အစ်ကို၊ အစ်မတွေနှင့် အားလုံးကလည်း ဒီသဘောသာဆိုခဲ့၏ ။ သူတို့...သူတို့တွေ၏ သံသရာကို ရှည်သည်ထက်ရှည်စေသော

လုပ်ရပ်များစွာတို့အတွက် ဝင့်ဝင့်ထည်က တစ်စုံတစ်ရာ အပြစ်မဆိုခဲ့ဘဲလျက် ဝင့်ဝင့်ထည်၏ ကောင်းမြတ်သောလုပ်ရပ်တို့ကိုမှ သူတို့ဘာကြောင့် အပြစ်တင်ကြလေသနည်း။

"ကျွန်မ သီလရှင်ဝတ်မှာ" ဟု ဆိုလိုက်လျှင်ပင် သူတို့တစ်တွေက နှာခေါင်းရှုံ့၍ ပြက်ရယ်ပြုတတ်ကြလေသည်။

"တစ်သက်လုံး ဝတ်နိုင်ရင် အကောင်းဆုံးပါပဲ" ဟု အားပေးတတ်ကြသူများ ရှားပါး၍

"အပျိုကြီးနောက်မှ ဒုက္ခရောက်နေဦးမယ်"

"ဘာတွေများ စိတ်ဆင်းရဲစရာရှိလို့လဲ"

"ဟုတ်မှလည်း လုပ်ဦးနော်၊ လိုတမရ မယ်သီလ ဖြစ်နေဦးမယ်"

စသော ပေါ့တန်သည့် စကားများဖြင့် လူတစ်ယောက်၏ အမြင့်မြတ်၊ အလေးနက်ဆုံးကိစ္စကို သရော်စကားပြုတတ်ကြလေသည်။ မိန်းမတစ်ယောက်၏ ရုပ်ရည်ချောမောလှပမှုသည် တစ်စုံတစ်ယောက်သော ယောက်ျားတစ်ယောက်အတွက်သာ ဖြစ်စေရတော့မည်တဲ့လား။ စဉ်းစဉ်းစားစားလုပ်ပါဦးဆိုသည့်စကားကို ဖြေရလျှင်တော့ ဝင့်ဝင့်ထည် အချိန်များစွာ အခါခါစဉ်းစားပြီးခဲ့ပြီ။

"ရုပ်ချောရင် သီလရှင်မဝတ်ရဘဲ ယောက်ျားသာယူရမယ်လို့ ဘယ်သူတွေက သတ်မှတ်ထားကြတာလဲ။ ရုပ်ဆိုးရင်တော့ သီလရှင်ဝတ်ချင်လည်း ဝတ်သင့်တယ်ပေါ့။ ဒီလိုလား မမမြင့်ရဲ့"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ ရုပ်ဆိုးတဲ့လူတွေလည်း အိမ်ထောင်ပြုကြတာပါပဲ၊ မမမြင့်က ဝင့်ဝင့်ကို နှမြောလို့ပါ"

အစ်မဖြစ်သူစကားကြောင့် ဝင့်ဝင့်တစ်ယောက်

ပါးစပ်အဟောင်းသားနှင့် အံ့ဩတကြီးဖြစ်သွားရလေသည်။ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတစ်ယောက် ဗုဒ္ဓရဲ့သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရင်း ထူးမြတ်တဲ့ သီလစောင့်တည်မယ့်အလုပ်ဟာ နှမြောစရာကောင်းသတဲ့လား။ အံ့ဩစရာ... တကယ့်ကို အံ့ဩစရာ။ သူတို့ ဘာတွေကို နှမြောနေကြတာပါလိမ့်။

"ညည်းဆန္ဒအတိုင်းပေါ့လေ၊ ပါရမီပါလာလို့ပဲ နေမှာပေါ့။ ကိုကိုကြီးနဲ့ ကိုကိုလေးကတော့ သဘောတူမှာမဟုတ်ဘူး၊ အမေ့ကိုလည်း မပြောရသေးဘူး မဟုတ်လား"

"အမေက သဘောတူမှာမဟုတ်ဘူး၊ ဝတ်ပြီးမှပဲ ပြောလိုက်တော့မယ်၊ ဝင့်ဝင့် တရားစခန်းဝင်တယ်ပဲ ပြောသွားမယ်"

"နေရေး၊ စားရေးရော စီစဥ်ပြီးသားလား"

"ဟုတ်ကဲ့၊ ခါတိုင်း ဝင့်ဝင့်နေနေကျ ဆရာလေးတို့ကျောင်းမှာပဲ နေမယ်၊ ဆွမ်းဆန်ကတော့ သူတို့လိုပဲ ခံရမှာပေါ့၊ ခု သုံးလကတော့ တရားစခန်းပဲ သက်သက်ဝင်မှာ"

"ဝင့်ဝင့်ရယ်၊ ဟုတ်မှလည်းလုပ်ပါအေ၊ အမေက နေ့ကျောင်းထားတာတောင်မနေဘဲ စာပေးစာယူတက်ပြီး အိမ်မှာနေလာတာ၊ အိမ်အလုပ်ပဲ လုပ်ဖူးတဲ့လူ။ ဆွမ်းဆန်ခံရတာ အတော်ပင်ပန်းတာနော် ဝင့်ဝင့်၊ နေပူမရှောင် မိုးရွာမရှောင် ခေါင်းတုံးပြောင်ကြီးနဲ့ လုပ်ရတာ "

"ရပါတယ် မမမြင့်ရဲ့၊ ဘယ်ဘဝမှာပဲဖြစ်ဖြစ် အသက်ရှိတဲ့သတ္တဝါတိုင်းဟာ နေဖို့စားဖို့ အလုပ်လုပ်ကြရတာ ပါပဲ။ ကံပေးလာတဲ့အတိုင်းပေါ့။ ဝင့်ဝင့် အတိတ်ကပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေရဲ့ အကျိုးပေးအတိုင်း ခံစားရမှာပါပဲ၊ အခု ပစ္စုပ္ပန်ဆိုတာတော့ ဝင့်ဝင့်လက်ထဲမှာပဲ ရှိသေးတာမို့ ဝင့်ဝင့်စိတ်ကြိုက် ဖန်တီးယူနိုင်တယ်လေ"

"လောကီက ရုန်းထွက်နိုင်လို့ ဘုရား၊ တရားအလုပ် လုပ်နိုင်တာ ကိုယ့်အတွက်တော့ ကောင်းပါတယ်လေ။ အမေက ညည်းကို သိပ်မျှော်လင့်ထားတာ၊ ငါ့ကိုတောင် နင့်လောက်အားကိုးတာမဟုတ်ဘူး။ အေးလေ ညည်းအမေ့ကို ခွဲသွားနိုင်မှတော့ ငါပဲ အမေ့ကိုစောင့်ရှောက်ရတော့မှာပေါ့။ မိဆင့်ကလည်း အမေ့ကို ပြန်ကြည့်ဖို့ နေနေသာသာ သူတောင်လူရုပ်မပေါ်တော့ဘူးဖြစ်နေတာ။ အားလုံးတာဝန် ငါ့ခေါင်းပေါ်ပဲ ပုံကျလာတော့မှာပေါ့၊ အမေတစ်ယောက်ကိုတော့ ငါ လုပ်ကျွေးနိုင်ပါတယ်၊ ညည်းစိတ်ချသွားပါ"

ဝင့်ဝင့်သည် အစ်မဖြစ်သူ၏ အတ္တမာနသံပါနေသော စကားတွေကြောင့် ရင်ထဲ၌ အောင့်မျက်သွားရလေသည်။ ဒီမိသားစုကြီး၏ အကြောင်းကိစ္စအဝဝကို ဝင့်ဝင့်ထည် မသိတာလည်းမဟုတ်။ ကမှ အ အဆုံး အားလုံးသိသည်ချည်း။ အိမ်ထောင်ကျပြီး အိမ်ခွဲမနေသော်လည်း အစ်မကြီးဖြစ်သူ စီးပွားရှာတတ်မှန်း ဝင့်ဝင့်သိပါသည်။ သို့ပေမယ့် မြင့်မြင့်နွယ်၏ ခင်ပွန်းသည်မှာ လခစားဝန်ထမ်း တစ်ဦးဖြစ်ကာ လစာငွေကို တစ်ပြားမကျန်အပ်ရုံအပြင် အပိုဝင်ငွေမရှာတတ်သော လူတစ်ယောက်ဖြစ်နေ၍ မြင့်မြင့်နွယ်ရှာသမျှ မိသားစုစားလောက်ရုံသာ ဖြစ်လေသည်။ ဒေါ်လှမေ၊ ဝင့်ဝင့်နှင့် ဆင့်ဆင့်တို့သုံးဦးမှာ ဖခင်ဖြစ်သူ ချန်ပေးခဲ့သော ငွေရင်းငွေနှီးကလေးမှ အတိုးအပွားနှင့် စားသောက်နေရခြင်းဖြစ်၏ ။ ဒေါ်လှမေ၏ ရွှေထည်ပစ္စည်းမှအပ စတီးချိုင့်၊ ခေါက်ထီး၊ လုံချည်၊ အင်္ကျီ အဆုံး အပေါင်ခံသည့် အလုပ်ကလည်း ဝင်ငွေရသေးသည့်အတွက် ဝင့်ဝင့်နှင့်ဆင့်ဆင့် သမီးနှစ်ယောက်ကို ဒေါ်လှမေ ကောင်းကောင်းကျွေးနိုင်၊ ဆင်နိုင်လေသည်။

ဒေါ်လှမေသည် ယနေ့အထိ ဘယ်သား၊ ဘယ်သမီးလုပ်စာကိုမှ စားနေသူမဟုတ်ပါဘဲ အမေ့အိမ်ပေါ်မှာနေလျက် အမေ့ကိုတင်ကျွေးထားရသည့်ဟန်လုပ်နေသော မြင့်မြင့်နွယ်ဆိုလိုရင်းကြောင့် ဝင့်ဝင့်ထည် စိတ်ထိခိုက်ကြေကွဲရလေသည်။ အမေ့ဖို့၊ အမေ့ဖို့နှင့် နာမည်တပ်ကာ ပေးသမျှသည် အမေ့ဆီက ပြန်ယူသမျှ အချိုးအဆ၏ ဆယ်ပုံတစ်ပုံသာရှိသည်ကို

ဝင့်ဝင့်ထည် အသိဆုံးပါပဲ။ အတူနေမြေးသုံးယောက်ကို ဒေါ်လှမေ အိတ်စိုက်ကျွေးနေ၊ ဆင်နေရတာ တွေလည်း ဝင့်ဝင့်ထည် မျက်မြင်ပဲဖြစ်၏ ။ သားသမီးတွေ အခက်အခဲဖြစ်တိုင်း ဘယ်သူ့ကိုမှ လျစ်လျူမရှုနိုင်ဘဲ ဒီမုဆိုးမမိခင်ကြီးကသာ အစွမ်းအစထုတ်ဖြေရှင်းပေးရင်း ရတက်မအေးဖြစ်ရလေ့ရှိသည်မဟုတ်လား။

ဝင့်ဝင့်ထည်ကတော့ဖြင့် ကွယ်လွန်သူ ဖခင်ကြီးနှင့်မိခင်ဖြစ်သူတို့၏ ကျေးဇူးတရားကို ထာဝစဉ် မမေ့မလျော့ ဆင်ခြင်အောက်မေ့နေလေသည်။ ယခု သူ လူဝတ်ကြောင်ကို စွန့်ပယ်မည့်ကိစ္စ၌ လည်း မိခင်ဖြစ်သူအတွက် အခါများစွာ ထည့်သွင်းစဉ်းစားပြီးခဲ့ပြီ။

သူ့သဘောနှင့်သူသာ ဆုံးဖြတ်ချက်ချခဲ့လျှင် အဖေဆုံးပါးစဉ် အသက်၁၄နှစ်လောက်ကတည်းက သီလရှင်ဝတ်ခဲ့ပေမည်။ လင်ယောကျ်ားဆုံးပါးသွား၍ သောကပင်လယ်ဝေနေသော မိခင်ဖြစ်သူအတွက် သောကထပ်မရောက်စေလို၍ အမေ့အပါး၌ သာ ဝင့်ဝင့်ထည် တွယ်ကပ်နေခဲ့၏ ။ ခုတော့ ဘယ်သူ့အနား၌ မှ ကပ်တွယ်မနေလိုတော့ပြီ။ သူ ရှေးဘဝက ဖြည့်ဆည်းခဲ့သော ပါရမီအထုံရေစက်ကလည်း ပါလာခဲ့ပြီ။ ထို့အတွက် ဝင့်ဝင့်ထည်သည် တစ်ကိုယ်ကောင်းဆန်သူ၊ ကိုယ့်ဖို့သာသိတတ်သူ ထင်မြင်ယူဆလိုသူများ သဘောရှိ ယူဆချင်သလို စိတ်တိုင်းကျယူဆစေတော့။ သူ တစ်ခါတုန်းက တရားစခန်းဝင်စဉ် သီလရှင်ဆရာကြီး တစ်ပါးက ပြောခဲ့ဖူး၏ ။

"ဘုရားရိပ်၊ တရားရိပ်ရဲ့ အရသာကို ကောင်းကောင်းခံစားတတ်လာသူတွေဟာ လူတွေနဲ့ အတူနေလို့မရအောင် ဖြစ်လာလိမ့်မယ်။ အဲဒီ အခါ လောကီကိစ္စတွေကို ဖြတ်တောက်စွန့်ခွာဖို့ အလိုလိုနေရင်း စိတ်ဆန္ဒထက်သန်ပြင်းပြလာမယ်။ ခု သီလရှင်မဝတ်ရလို့ သမီးစိတ်ဆင်းရဲမနေပါနဲ့၊ လူဝတ်နဲ့လည်း သမီးဆန္ဒရှိရင် အချိန်ရသလို တရားအားထုတ်နိုင်တာပါပဲ။ သမီး အထုံပါရင် သမီးဝတ်ချင်နေတဲ့

သီလရှင်ဝတ်ဖြစ်မှာပါ၊ ရိပ်သာရောက်မှသာ တရားအားထုတ်နိုင်တာမဟုတ်ပါဘူးကွယ်၊ မိမိစိတ်ကသာ လိုလားနေရင် ငါးပါးသီလလေး လုံအောင်ထိန်းပြီး တစ်နေ့ ၁၀မိနစ်တန်သည်၊ နာရီဝက်တန်သည် နေ့စဉ်မှန်မှန် တရားအားထုတ်သွားရင်လည်း အကျိုးရှိတာပါပဲ သမီးရယ်။ ပါရမီဆိုတာလည်း ကိုယ်ကတတ်စွမ်းသမျှ ဖြည့်ဆည်းနေမှ ရင့်သန်လာမှာပေါ့ ဟုတ်ဘူးလား သမီးရဲ့၊ အချိန်နည်းနည်းစောင့်လိုက်နော်၊ အိမ်ကခွင့်ပြုတော့ ဆရာတော်ကြီးကိုလျှောက်ပြီး ဆရာကြီးကိုယ်တိုင်ဝတ်ပေးမယ်နော်၊ သမီးလေးက သီလရှင်ဝတ်နဲ့ဆို သိပ်ပြီး တင့်တယ်မှာပဲ"

ဝင့်ဝင့်ထည် တရားစခန်းဝင်ရင်း ခင်နေသော သီလရှင်ကြီးပြောခဲ့ဖူးသည့်စကားများကို ပြန်လည်ကြားယောင်လာမိကာ အချိန်တန်ပြီထင်ပါရဲ့ဟု တွေးမိရင်း အစ်မကြီးမြင့်မြင့်နွယ်ကြောင့် ဖြစ်ပေါ်လာသော ဝမ်းနည်းချင်စိတ်တို့ကို ဖျောက်ဖျက်၍ ကြည်နူးစွာ ပြုံးလိုက်နိုင်လေသည်။

*

## (၃)

ဆရာလေး မရူပါသည် ရိပ်သာကျောင်းဝင်းထဲသို့ ခပ်သုတ်သုတ်ဝင်ရောက်လာသော အစ်မဖြစ်သူကို လှမ်းမြင်လိုက်ရ၍ ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းနေရာမှ ခရီးဦးကြိုပြုလိုက်လေသည်။

"ဒကာမကြီး တစ်ယောက်တည်းလား"

မရူပါသည် အစ်မဖြစ်သူကို တွေ့ရသောအခါ မိခင်ကြီးကို

သတိရအောက်မေ့စိတ်တို့ဖြင့် စိတ်မကောင်းဖြစ်သွားရလေသည်။ ဆရာလေးမရူပါတစ်ယောက် ဝင့်ဝင့်ထည်ဆိုသည့်အမည်ကို စွန့်ပယ်ခဲ့သည်မှာ ကိုးလကျော်သွားခဲ့ချေပြီ။ မရူပါသည် မိသားစုသံယောဇဉ်နှောင်ကြိုးတို့ကို ကြိုးစားဖြတ်တောက်ထားခဲ့ပြီး ဖြစ်သော်လည်း ရိပ်သာကျောင်းသို့ မိခင်ဖြစ်သူ တစ်ကြိမ်တစ်ခါမှ ရောက်မလာသေးသည့်အတွက် ကြေကွဲဝမ်းနည်းရလေ၏။

သီလရှင်မဝတ်မီ တရားစခန်းဝင်မည်ဟု မိခင်ကြီးအား ခွင့်တောင်းစဉ်ကပင် ဒေါ်လှမေသည် ဝင့်ဝင့်ထည်၏ ခြေလှမ်းတို့ကို ကြိုမြင်သိနေဘိသကဲ့သို့...

"တရားစခန်းက ဘယ်နှစ်ရက်ဝင်မှာလဲ၊ အသက်က ၃၀မပြည့်သေးဘူး၊ ခေါင်းတုံးတုံးဖို့ စိတ်ကူးမနေနဲ့ဦး" စိုးရိမ်တကြီးမှာကြားလိုက်သေး၏။ မိခင်ကြီး ခွင့်ပြုမည်မဟုတ်သဖြင့် သီလရှင်ဝတ်မည့်အကြောင်း အသိပေးပြောကြားခြင်းမပြုခဲ့၍ ဝင့်ဝင့်ထည် စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ သီလရှင်အပြီးဝတ်သွားပြီဖြစ်ကြောင်း ဒေါ်လှမေသိသောအခါ စိတ်ဆိုး၍ အဆက်အသွယ်မလုပ်ဘဲနေပြန်သဖြင့် ပို၍ စိတ်မကောင်းဖြစ်ရ၏။ သီလရှင်ဝတ်ပြီး သုံးလေးလကြာမှ လူကြုံတစ်ယောက်နှင့် လှူဖွယ်ဝတ္ထုတို့ ပို့ပေးခဲ့၏။ ဒေါ်လှမေကား ပေါ်မလာသေးချေ။

မရူပါစိတ်မကောင်းဖြစ်ရသည်မှာ မိမိအတွက်မဟုတ်ဘဲ မိခင်ကြီးအတွက်သာ ဖြစ်လေသည်။ ဒေါ်လှမေအသက်မှာ ၅၈နှစ် ပြည့်ခဲ့ပေပြီ။ ၅၈နှစ်ကာလအတွင်း ဒေါ်လှမေတစ်ယောက် ဘုရားရိပ်၊ တရားရိပ်အတွင်းသို့ ဆယ်ကြိမ်ပြည့်အောင် မရောက်ဖူးခဲ့။ ဒေါ်လှမေ၏ တစ်နေ့တာလုပ်ငန်းစဉ်မှာ ဈေးသွားခြင်း၊ ကြွေးလိုက်တောင်းခြင်း၊ ရောက်လေရာအရပ်၌ တွေ့သမျှလူနှင့် စကားထိုင်ပြောခြင်းတို့သာ ဖြစ်၏။ အိမ်မှာတော့ အိမ်အလုပ်နှင့် ကလေးတစ်အုပ်နှင့် မိုးလင်းကမိုးချုပ် အလုပ်ရှုပ်ရပြန်လေသည်။ မိုးလင်းကမိုးချုပ် တောက်တိုမည်ရ အလုပ်များဖြင့် အလုပ်ရှုပ်နေတတ်သော ဒေါ်လှမေသည် ည

အိပ်ရာဝင်မှသာ ဦးသုံးကြိမ်ချ၍ ဘုရားရှိခိုးနိုင်လေ၏။

တစ်ခါတစ်ရံ အချိန်ရလျှင် ဒေါ်လှမေ စိတ်လိုလက်ရ ဘုရားရှိခိုးနေလျှင် မြေးများက ပုံပြောခိုင်းသဖြင့် ဘုရားစာကို တိုတိုဖြတ်ကာ မြေးတွေမအိပ်မချင်း ဟိုရောက်ဒီရောက် ပုံပြင်ရှည်ကြီးများကို လုပ်ကြံပြောရပြန်လေ၏။ ဒေါ်လှမေ ဘုရားကန်တော့နေ၍ ဘွားဘွားဆီမသွားနဲ့ဟု တားတတ်သော သမီးမရှိဘဲ ကလေးတွေ ဂျီတိုက်တိုင်း 'သွား သွား... နင်တို့အဘွားဆီသွားကြ၊ ငါ စိတ်မရှည်တော့ဘူး" ဟူသော အပြောမျိုးဖြင့်သာ ဒေါ်လှမေကို အားကိုးကြသော သားသမီးတို့အကြောင်း မရှုပါသိလေသည်။ ထို့အတွက် ကိုယ့်နောက်မပါနိုင်သည့် လောကီကိစ္စများဖြင့် လုံးချာလည်နေသော မိခင်ကြီးအကြောင်းကိုတွေးကာ မရှုပါတစ်ယောက်သာ စိတ်မကောင်းဖြစ်ရလေ၏။

ဒေါ်လှမေ၏ အိမ်၌ ဝင့်ဝင့်ထည်ရှိစဉ်က ဘုရားအလုပ်၊ တရားအလုပ်၊ မလုပ်ဘူးဆိုလျှင်တောင် ဝင့်ဝင့်ထည် အဆင်သင့်ပြင်ဆင်ပေးသော ဆွမ်းတော်ပွဲအား ကြုံလျှင်ကြုံသလို ကပ်ဖြစ်သေး၏။ သမီးဖြစ်သူ မြင့်မြင့်နွယ်နှင့် ချွေးမဖြစ်သူကတော့ ဘုရားဆွမ်းတော်တင်သည့်အလုပ်ကိုပင် သူတင်နိုး ကိုယ်တင်နိုး စောင်းငဲ့ကြည့်ရင်းဖြင့် ဒေါ်လှမေအိမ်က မြတ်ဗုဒ္ဓသည် နေ့စဉ်နီးပါး ဆွမ်းလွတ်နေတော့၏။ ဝင့်ဝင့်ထည်ရှိစဉ်က နေ့စဉ်ဆွမ်းခံကြွသော သံဃာတော်သုံးပါးသည်လည်း သတိတရားနှင့် အလေးထား၍ ဆွမ်းလောင်းလှူဖို့ ပေ့ါလျော့နေတတ်သော ကျန်ရှိလူများကို အားတောင့်အားနာဖြစ်ကာ ဆွမ်းခံကြွမလာတော့ချေ။ ဆွမ်းခံဖိတ်ထားသော သံဃာများ ကြွမလာတော့သည့်အတွက်မူ မည်သူမျှ စိတ်မကောင်းဖြစ်ဟန်မရှိချေ။

မိခင်ဖြစ်သူကို စွန့်ခွာသွားရက်သော သီလရှင်မကို စိတ်နာနာနှင့် သတိရအောက်မေ့မိလျှင် ဆွမ်းတော်ကပ်ချင်စိတ်ပေါက်လာတတ်သော ဒေါ်လှမေ မနက်စောစောထ၍ ဆွမ်းချက်တတ်လေ၏။ ဒေါ်လှမေ ပြင်ဆင်ထားသော ဆွမ်းတော်ပွဲမှာ ငှက်ပျောသီး၊ ချိုချဉ်၊ ကိတ်မုန့်စသော စားသောက်ဖွယ်ရာတို့ကို

မနက်စောစောစီးစီးထကာ ဂျီတိုက်တတ်သော မြေးတစ်ယောက်ယောက်က ဆိုးဆိုးဆတ်ဆတ် နှိုက်စားသည့်အခါမျိုး၌ ဒေါ်လှမေတစ်ယောက် မြေးများနှင့်ရန်ဖြစ်ရင်း ဝင့်ဝင့်ထည်ကို တိုင်တည်လျက် ငိုကြွေးပြန်လေသည်။ ထိုအခါ သမီးကြီးနှင့် ချွေးမဖြစ်သူက ကလေးများနှင့်ပင် ဖက်ပြိုင်ဖြစ်ရလေသလားဟု မကျေမနပ်ဖြစ်ကာ စူပွစူပွလုပ်ကြလေသည်။

ဒေါ်လှမေက ပြောပြန်လျှင်လည်း အိမ်မှာရှိသည့်လူကို အကောင်းမထင်ဘဲ စွန့်ခွာထွက်သွားသည့်သမီးကိုမှ အကောင်းထင်သည်ဟု စကားတင်းဆိုလျက် ငြူစူကြပြန်သည်ချည်း။ ဒေါ်လှမေသည် ကိုယ့်ဆန်နှင့် သူ့ထမင်း ဖြစ်နေရသည့်အဖြစ်ကို တစ်နေ့တခြား သဘောပေါက်လာပြီဖြစ်သော်လည်း ဝင့်ဝင့်ထည်ကဲ့သို့ သံယောဇဉ်မပြတ်နိုင်သည့် ကိုယ့်ကိုယ်ကို ကျိတ်၍ အပြစ်တင်ရုံအပြင် ဘာမှမတတ်နိုင်ပါချေ။

"အမေကလည်း အမေပါပဲ။ သံယောဇဉ်ကို ကြီးလွန်းတယ် ဆရာလေးရဲ့"

"ဒါကတော့ ဒကာမကြီးရယ်၊ သူမွေးထုတ်ထားတဲ့သမီးကို၊ ပြီးတော့ ဆင့်ဆင့်ဟာ အငယ်ဆုံးမဟုတ်လား။ အသက်ကလည်းငယ်သေးတယ်၊ အမေ ဘယ်လိုလုပ် ကြာကြာပစ်ထားနိုင်မှာလဲ"

"ပစ်မထားနိုင်လို့ပဲ ခု အမေ ဒုက္ခတွေ့နေရပြီလေ၊ သူ့ယောက်ျားက လက်ကြောတင်းတဲ့ကောင်မှမဟုတ်တာ၊ ပွဲစားယောင်ယောင်နဲ့ ယောင်ခြောက်ဆယ်လုပ်နေတဲ့အကောင်။ အဲဒါ သူ့ယောက်ျားအလုပ်လုပ်ဖို့ အရင်းအနှီးအတွက် အမေ့ကို တဒီးဒီးလာတောင်းနေတယ်၊ အမေ့မှာလည်း ငွေများများရှိတာမှ မဟုတ်တာ၊ အမေကတော့ လက်ဝတ်လက်စားရောင်းပေးမယ့်ပုံပဲ။ ဒီကိစ္စ စိုးနောင်သိရင် ပြဿနာတက်လိမ့်ဦးမယ်၊ အသုံးမကျတဲ့ သမက်ကို ပေးရကမ်းရကောင်းလားရယ်လို့။ တကယ် အမေကလည်း အမေပါပဲ"

မြင့်မြင့်နွယ်သည် မရူပါအား သီလရှင်တစ်ပါးရယ်ဟု မေ့လျော့လျက် ညီအစ်မအချင်းချင်း သူတစ်ပါးအတင်းပြောနေသကဲ့သို့ အားပါးတရကြီးပြောချလိုက်လေ၏။ မရူပါကား ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ရင်း ကျိတ်၍ သာ သက်ပြင်းအခါခါချနေလေသည်။ အမေ ဘယ်လောက်သောက ဒုက္ခများနေပြီဟု မရူပါတွေးတောကြည့်နိုင်သလို၊ အမေဘယ်လောက်ထိ ဒုက္ခများလိမ့်ဦးမည်ဆိုတာလည်း မရူပါ ကြိုတင်မှန်းဆ သိနိုင်လေသည်။

"ဒကာမကြီးရယ်၊ ဘာပဲဖြစ်ဖြစ် အမေ့ပစ္စည်းပဲဟာ၊ အမေ့သဘောအတိုင်းပေ့ါ"

"နို့ အမေ့ပစ္စည်းပေမယ့် သူတစ်ယောက်တည်းဆိုင်တာမှ မဟုတ်ဘဲ ဆရာလေးရဲ့၊ အမေ့မှာ သားသမီးအရင်း ခြောက်ယောက်ရှိတဲ့ဥစ္စာ"

မရူပါသည် ရုတ်တရက် တုံ့ပြန်လိုက်သော အစ်မမြင့်မြင့်နွယ်၏ စကားကြောင့် ဗုဒ္ဓရုပ်ပွားတော်၏ တင့်တယ်သပ္ပာယ်လှသော မျက်နှာတော်ကို ခပ်တွေတွေငေးကြည့်နေမိရင်းက အဓိပ္ပာယ်ပါပါ ပြုံးလိုက်မိလေသည်။ မရူပါအတွက်ကတော့ဖြင့် အရာရာသည် တရားသံဝေဂရဖွယ်ရာတွေသာ ဖြစ်နေလေ၏။ လူတို့၏ လောဘ၊ ဒေါသ၊ မောဟတို့သည်ကား အင်မတန်မှ စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသည်တကား။

*

## (၄)

မရူပါသည် ဆွမ်းဆန်စိမ်းအိတ်ကို ခေါင်းပေါ်မှချလျက်

အတူနေသီလရှင်ဆရာကြီးအား နှုတ်ဆက်လိုက်လေ၏။

"ဆရာကြီး ဧည့်သည်လာလို့လား" ဘုရားစင်ရှေ့ သင်ဖြူးပေါ်မှ ရေနွေးလင်ပန်းကိုကြည့်ကာ မရူပါ မေးလိုက်ခြင်းဖြစ်၏။

"လာလို့၊ ခုပဲပြန်သွားတာ၊ မရူပါညီမလို့ပြောတယ်၊ မရူပါပြန်ရောက်ခါနီး ပြီဆိုပြီး တားထားတာ အလုပ်ကိစ္စတစ်ခု ချိန်းထားလို့တဲ့ ပြန်သွားလေရဲ့"

"ဘာကိစ္စ အရေးကြီးလို့ပါလိမ့်"

"အိမ်မှာ နယ်က အစ်ကိုနှစ်ယောက်ရောက်နေတယ်လို့ ပြောတယ်၊ မနက်ဖြန် မရူပါတို့အိမ်ကိုလာခဲ့ဖို့ မှာသွားတယ်။ အိမ်မှာပဲ ဆွမ်းစားပါလို့ မှာသွားတယ် မရူပါ"

"သြော်... သြော်... ဒါဆို မနက်ဖြန် တပည့်တော် သွားလိုက်ဦးမယ်၊ အမေလည်း မလာတာကြာပြီ"

"သွားလိုက်ဦး... သွားလိုက်ဦး၊ ရှေ့အပတ်ထဲ ခရီးသွားမှာလည်း ပြောခဲ့ဦးပေါ့။ အမေလိုက်နိုင်ရင်လည်း ဘုရားဖူးရအောင် ခေါ်ခဲ့ပါလား ဆရာလေးရဲ့"

"တင်ပါ့၊ တပည့်တော် ကြိုးစားကြည့်ပါဦးမယ်"

မရူပါသည် ဆွမ်းဆန်စိမ်းများကို စဥ့်အိုးအတွင်းထည့်ရင်း ဆရာကြီးကို အဖြေပေးလိုက်၏။ ထို့နောက် မီးဖိုဆောင်ထဲသို့ ဝင်ကာ မနက်ဖြန်အတွက် ဆွမ်းကိစ္စကို ကြိုတင်ပြင်ဆင်ထားလေသည်။ ပုံမှန်အားဖြင့် လုပ်ရင်းကိုင်ရင်း တရားမှတ်နေတတ်သော မရူပါသည် တရားအမှတ်လွတ်လျက် မိသားစုအရေးကိစ္စကို ဟိုဟိုဒီဒီ တွေးတောနေမိလေ၏။ အစ်ကိုနှစ်ယောက် အမေ့အိမ်သို့ ရောက်လာသည့်ကိစ္စသည် မရူပါထင့်အတိုင်း ဖြစ်လာခဲ့လေသည်။

အမေ့အိမ်ဆီသို့ မရူပါ ရောက်သောအခါ တစ်ယောက်တစ်ပေါက် သူ့အုပ်စုနှင့်သူ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံပြောဆိုနေသော မိသားစုအားလုံး၏ အသံတို့ ရုတ်တရက် ဆိတ်ငြိမ်သွားလေ။ အိမ်သားအားလုံးက ကျက်သရေရှိစွာ တင့်တယ်လှသော မရူပါ၏ မျက်နှာကို အချိန်အတန်ကြာ ငေးစိုက်ကြည့်နေကြလေသည်။ ဒေါ်လှမေသည် ဆေးလိပ်တို့ကို ခပ်နာနာဖိကိုက်လျက် တွေငေးနေရာမှ မရူပါကိုပြေးဖက်ကာ ဟီးချိုလိုက်လေသည်။ မရူပါအပေါ် ဒေါ်လှမေ စိတ်ဆိုးပြေသွားခဲ့ပြီဖြစ်၏ ။

ဝင့်ဝင့်ထည်ဆိုသော သမီးတစ်ယောက် သူ့ဆန္ဒအတိုင်း သူလျှောက်လိုသည့်လမ်းကိုဖောက်ကာ ရွေးလျှောက်သွားခဲ့ခြင်းသည် ဘယ်လိုမှ မမှားနိုင်သော အမှန်ဆုံးလမ်းဖြစ်ကြောင်း ဒေါ်လှမေ လက်ခံယုံကြည်နိုင်လေပြီ။ လူဝတ်ကြောင်ဘဝကတည်းက အင်မတန် လောဘ၊ ဒေါသနည်းခဲ့သော သမီးလေးသည် ယခုအချိန်၌ မူ ပြောဖွယ်မရှိအောင် တည်ငြိမ်ရင့်ကျက်နေလေပြီ။ ကျန်သားသမီးများမှာ ဒေါ်လှမေဆိုသည့် မိခင်ကြီး သောကကင်းစွာ စိတ်လက်ချမ်းသာနေနိုင်ဖို့ မည်ကဲ့သို့ ပြုစုစောင့်ရှောက်ကြမည်ဟု မစဉ်းစားကြဘဲ ဒေါ်လှမေ၌ ရှိသမျှ လက်ဝတ်လက်စား ရတနာပစ္စည်း အနည်းအကျဉ်းနှင့် ခင်ပွန်းဖြစ်သူ ဆောက်လုပ်ပေးသွားသည့် အိမ်ကြီးကို ဝေစုအညီအမျှ ခွဲဝေယူဖို့သာ စိတ်ကူးနေလေသည်ကို ဒေါ်လှမေ ပီပီပြင်ပြင် သိရှိလိုက်ရပေပြီ။

ဒေါ်လှမေကိုတော့ဖြင့် သမက်ကိုလည်း အိမ်ပေါ်တင်ထားခဲ့၏ ။ ချွေးမကိုလည်း ကြည်ကြည်ဖြူဖြူပင် လက်ခံထားခဲ့၏ ။ အိမ်ပိုင်ယာပိုင်မရှိသော အခြေအနေ၌ စပေါ်မပေး၊ အိမ်လခမပေးရသော ဤအိမ်ကြီးတွင် သက်သက်သာသာနေရပါစေဆိုသော စေတနာမေတ္တာဖြင့် နေစေခဲ့၏ ။ ရွှေပါးပါး နားကပ်လေးတစ်ရန်သာဝတ်၍ သားဖြစ်သူနောက် လိုက်လာသော ချွေးမကိုပင် အများနည်းတူ ဝတ်ပါစေရယ်ဟုစာနာကာ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက် ပြည့်ပြည့်စုံစုံဆင်ပေးခဲ့၏ ။ အတောမသတ်နိုင်သော လောဘတို့ဖြင့် ရလေလိုလေ

အိုတစ္ဆေဖြစ်နေတတ်သော လူ့သဘောအတိုင်း လက်ကောက်တစ်ကွင်း ဝတ်ရတော့ တစ်ရန်ဝတ်ချင်ပြန်၏။ တစ်ရန်ရပြန်တော့ နှစ်ရန်၊ သုံးရန် ဝတ်ရဖို့ ကြိုးစားပြန်လေသည်။

သားနှင့်သမီးတွေကျပြန်တော့ အမေ့အိမ်မှာ မနေရသည့်သူက အမေ့အိမ်မှာရှိနေသည့်လူကို တစ်မျိုးအမြင်စောင်းကြလေ၏။ အမေ့အိမ်မှာနေချင်လျှင် ထိုက်သင့်သည့်ဝေစုကိုအမ်းကာ နေစေချင်သည့်သဘောတို့ ရှိလာကြ၏။ ဖခင်ကြီးချန်ထားရစ်သော မိခင်ကြီးပိုင် အိမ်နှင့်ခြံ၏ ကာလပေါက်စျေးကို စိတ်ကူးဖြင့်တွက်ဆကြည့်လျက် တွက်ရေးနှင့်စက်သူဌေးဖြစ်နေကြသော သားသမီးတို့၏ ဆန္ဒကို ဒေါ်လှမေဖြည့်ဆည်းဖို့ ဆုံးဖြတ်ချက်ချလိုက်ရလေပြီ။

အရင်ကတော့ ဝင့်ဝင့်ထည် အိမ်ထောင်ရက်သားမကျဘဲ လူ့လောက၌ တစ်ဦးတည်းရပ်တည်နေခဲ့လျှင် ဒေါ်လှမေပိုင် အိမ်နှင့်ခြံကို ဝင့်ဝင့်ထည်သဘောဆန္ဒမပါဘဲ အမွေခွဲဝေမပေးဟု ဒေါ်လှမေ စီစဉ်စိတ်ကူးထားခဲ့၏။ ခုတော့ ဒေါ်လှမေက သူတော်ကောင်းမဟုအခါများစွာ အရွဲ့တိုက်ခေါ်ခဲ့ဖူးသော တကယ့်သူတော်ကောင်းမ မရူပါသည် ဤအိမ်ကြီးအပေါ် သံယောဇဉ်ပြတ်စွာဖြင့် ကျန်မောင်နှမများနှင့် အမေ့သဘောဆန္ဒအတိုင်း လုပ်လိုရာလုပ်နိုင်ပါသည်ဟု ဆိုခဲ့လေပြီ။

"အမေ ဘယ်မှာနေမယ်လို့ စိတ်ကူးထားလဲ"

ဒေါ်လှမေသည် မရူပါ၏ အမေးကို မဖြေဘဲ တွေငေးနေလေ၏။

"ဆရာလေးကလည်း အမေကတော့ ဘယ်အိမ်လိုက်နေနေ ရတာ ပဲ၊ သားသမီးငါးယောက်လုံး ဘယ်သူဖြစ်ဖြစ် ခေါ်ထားနိုင်ပါတယ်"

"ဒါကတော့ ဒါပေါ့လေ၊ အမေ့ဆန္ဒကို မေးကြည့်တာပါ"

"အမေကတော့ ဘယ်သူ့အိမ်မှ လိုက်မနေချင်ပါဘူးကွယ်"

"အားလုံးပဲ ဆရာလေးတစ်ခုပြောချင်ပါတယ်၊ အမေနေနိုင်မယ်ဆိုရင် ဆရာလေး အမေ့ကိုခေါ်ထားချင်တယ်။ ပြီးတော့ ဒီအိမ်ကို ဝေစုခွဲတဲ့အခါ ဆရာလေးအတွက် ဝေစုမထည့်ပါနဲ့၊ ကျန်တဲ့ မောင်နှမတွေ ပိုရတာ ပေ့ါ။ ဖြစ်နိုင်ရင်တော့ ရှင်ပြု၊ နားသပွဲလေး လုပ်ပေးစေချင်တယ်။ ဆရာလေးအတွက်က ဘာမှမလိုဘူး၊ အမေ့ကိုလည်း ဆရာလေး ဆွမ်းဆန်ခံပြီး ကျွေးထားနိုင်ပါတယ်"

"ဆရာလေးတို့ တစ်နှစ်တစ်ခေါက် နယ်မြို့တွေဆီ ဘုရားဖူးရင်း ဆွမ်းဆန်ခံထွက်ရင် တစ်နှစ်စာအတွက် လောက်ငပါတယ်၊ ဆရာတော်ဘုရားကလည်း အမေအိုကြီးများကို လုပ်ကျွေးဖို့၊ ခေါ်ထားဖို့ အမြဲမှာကြားနေတာ၊ ဆရာလေးတို့ ဆွမ်းဆန်ခံပြီးစားရတာ ဟာ အလွန်မွန်မြတ်ပါတယ်၊ တချို့မှာ ဆင်းရဲချို့တဲ့ပေမယ့် ဆရာလေးတို့ ဆွမ်းဆန်ရပ်ရင် အင်မတန်ကြည်နူးဝမ်းမြောက်ကြတယ်၊ သူတို့မှာ ဆန်တစ်ဇွန်း၊ ငွေတစ်ကျပ်နဲ့ ဘယ်မှာမှ သွားမလှူဖြစ်ကြဘူး မဟုတ်လား၊ မတတ်နိုင်လို့ ကန်တော့ဆွမ်းပါလို့ ပြောရင်လည်း ဆရာလေးတို့စိတ်ထဲ ဘယ်လိုမှမနေပါဘူး၊ ဆရာလေးတို့ ဆွမ်းခံရသမျှ ဆွမ်းကိစ္စအတွက်သုံးပြီးပိုတာကို ရတနာသုံးပါးအတွက်သာ လှူတာပါပဲ၊ အဲဒီ အခါ ဆရာလေးတို့ကို စေတနာသန့်သန့်နဲ့ ဆွမ်းဆန်စိမ်း လောင်းလှူလိုက်သူများလည်း ကုသိုလ်ထပ်ရပြန်တာပေ့ါ၊ ဆရာလေး ဆွမ်းဆန်ခံပြီး အမေ့ကို လုပ်ကျွေးနိုင်ပါတယ်၊ ဆရာတော်ကြီးရဲ့ အရိပ်မှာနေရတာ မို့ အင်မတန်ငြိမ်းအေးတယ်၊ အမေလည်း ရိပ်သာမှာဆိုတော့ တတ်နိုင်သလောက် တရားထိုင်ဖြစ်သွားမှာပါ"

မရူပါသည် မျက်ရည်စက်လက်နှင့် ငူငူကြီးတွေးနေသော ဒေါ်လှမေကို ကရုဏာသက်စွာကြည့်မိရင်း -

"အမေ၊ ဆရာလေးနဲ့အတူ ရိပ်သာကျောင်းမှာ လိုက်နေနိုင်မလားဟင်" ဟု အပြေတောင်းလိုက်လေသည်။

"ဆရာလေးနဲ့ မလိုက်နိုင်သေးရင်လည်း သမီးတို့နဲ့ပဲ နေပါလား အမေ"

မြင့်မြင့်နွယ်စကားကြောင့် အစ်ကိုဖြစ်သူ စိုးမောင်က -

"နင်တို့နေဖို့ အိမ်အရင်ရှာကြပါဦးဟာ၊ ငါ အမေ့ကိုခေါ်သွားပါ့မယ် ဟိုမှာ ငါ့မိန်းမကလည်း အလုပ်လုပ်နေတော့ အိမ်မှာ ဘယ်သူမှရှိတာမဟုတ်ဘူး၊ အမေ အေးအေးနေရတာ ပေါ့"ဟု ဆိုလေ၏ ။

"ဒီအိမ်ကြီးရောင်းပြီဆိုမှတော့ ဆင့်ဆင့်လည်း အိမ်ခန်းကောင်းကောင်း ငှားနေလို့ရပါတယ်၊ ဆင့်ဆင့်နဲ့ပဲ အမေလိုက်နေနော် နော် အမေ"

ကိုယ်ဝန်ဆောင်ထားရပြီဖြစ်သော ဆင့်ဆင့်က ကြမ်းပြင်ပေါ်သို့ လက်ဖဝါးထောက်လျက် ခပ်လေးလေးထကာ ဒေါ်လှမေအနားကပ်၍ ပြောလေသည်။

"ကျွန်တော့်အိမ်မှာနေလည်း ရပါတယ်ဗျာ၊ မီးမီးနဲ့အမေ အတူနေဖူးနေတာပဲ"

ဒေါ်လှမေနှင့်အတူနေသော သားဖြစ်သူ စိုးနောင်စကားကြောင့် အစ်ကိုဖြစ်သူ စိုးအောင်က ဖျတ်ခနဲ လှမ်းကြည့်လေသည်။

"ကဲပါလေ၊ အမေ့သဘောပေါ့၊ သားသမီးတွေ အများကြီးရှိနေတာပဲ၊ တစ်လှည့်စီနေလည်း ဖြစ်တာပဲ၊ အမေ့သဘောအတိုင်းသာ ဆုံးဖြတ်ပါစေ"

မရူပါ အပါအဝင် သားသမီးခြောက်ယောက်စလုံး ဒေါ်လှမေအဆုံးအဖြတ်ကို စိတ်ဝင်တစား မျှော်လင့်စောင့်စားနေကြလေသည်။ မရူပါကတော့ဖြင့် အမေ့အကျိုးအတွက် ရိပ်သာကျောင်း၌ လိုက်ပါနေစေချင်၏ ။ အမေ့ကျေးဇူးတွေကို တတ်စွမ်းသမျှ မရူပါ ဆပ်လိုလှ၏ ။ မရူပါနှင့် အမေနေနိုင်လျှင် တရားအလုပ်ကို အချိန်ပြည့် အမေလုပ်နိုင်ပေလိမ့်မည်။ အစပိုင်း၌ အကျင့်မရှိသေး၍ ဝိပဿနာတရား အားမထုတ်နိုင်သေးဘူးဆိုလျှင်တောင်

ဥပုသ်စောင့်၊ တရားနာအလုပ်လောက်ကို အမေ စိတ်အေးချမ်းသာစွာ လုပ်နိုင်၏ ။ ထိုမှတစ်ဆင့် တရားအားထုတ်ဖို့ အမေ့ကို နည်းပေးလမ်းပြ လုပ်ရမည်။

အမေ့ကို မရူပါ ဤနည်းဖြင့် ပြုစုပေးဆပ်ခြင်းသည် အမေနှင့်မရူပါ နှစ်ယောက်စလုံးအတွက် အဖိုးမဖြတ်နိုင်သော ရတနာများကို နောင်အနာဂတ်သို့တိုင် ဆောင်ယူသွားစေနိုင်သည့် နည်းလမ်းမဟုတ်ပါလား။ ကျန်မောင်နှမများကတော့ အမေ့ကိုခေါ်ထားသည့်အတွက် အမေ့ဝေစု အမွေတစ်ပုံကို မျှော်လင့်နေမှန်း မရူပါ ရိပ်မိနားလည်ပါ၏ ။ ပြီးတော့ အမေ့ကို စိတ်ချယုံကြည်ရသော အိမ်စောင့်ကြီးအဖြစ်၊ ကလေးထိန်းအဖြစ်ဖစ် သူတို့ အသုံးချလိုသေး၏ ။ သို့သော် ဒါတွေကို မရူပါ အပြစ်ဟု မမြင်ပါ။ အဓိကသည် အမေကိုယ်တိုင်၏ အဆုံးအဖြတ်သာ ဖြစ်လေသည်။

"အမေ ဆရာလေးနဲ့ပဲ လိုက်နေတော့မယ်"

အတန်ကြာတွေငေးနေရာမှ ကြည်လင်ပီပြင်စွာ ထွက်ပေါ်လာသော ဒေါ်လှမေ၏ စကားသံကြောင့် အိမ်သားအားလုံး ဒေါ်လှမေနှင့် မရူပါတို့ကို တစ်လှည့်စီကြည့်လိုက်ကြလေသည်။ မရူပါသည် ဒေါ်လှမေ၏ မျက်ရည်ကြည်များ ရစ်ဝဲခိုသီလျက်က ပြုံးလက်နေသောမျက်နှာကို လှမ်းကြည့်ရင်း စိတ်နှလုံးချမ်းမြေ့စွာဖြင့် ဝမ်းမြောက်ဝမ်းသာ ပြုံးလိုက်လေသည်။

*

## (၅)

မရူပါတို့ရိပ်သာကျောင်း၌ နွေရာသီကျောင်းပိတ်ရက် သီလရှင်လာဝတ်သော ညီအစ်မနှစ်ယောက်ကို မရူပါနှင့်

သီလရှင်ဆရာကြီးတစ်ပါးက ခေါင်းရိတ်ပေးနေလေသည်။ ဒေါ်လှမေသည် မရူပါတို့အနား၌ လိုအပ်သမျှကို ကူညီဖြည့်ဆည်းပေးရင်း အပျိုပေါက်မိန်းကလေးနှစ်ယောက်ကို စိတ်တွင်းမှ ထပ်တလဲလဲ ချီးကျူးနေမိလေသည်။ သမီးလေးနှစ်ယောက် ခေါင်းရိတ်နေစဉ် အဝတ်ဖြူစလေးကို လက်နှစ်ဖက်ဖြင့် ကိုင်ပေးလျက် ကြည်နူးနှစ်လိုစွာ ပြုံးနေသော မိဘနှစ်ပါး၏ နေရာ၌ ဒေါ်လှမေ အစားဝင်ကြည့်နေလေ၏ ။

ဒေါ်လှမေသည် မရူပါ သီလရှင်ဝတ်စဉ်က ဘေးမှပါရမီဖြည့်မပေးမိသည့်အပြင် ကောင်းမြတ်သည့်အမှုကိစ္စကို ပြုသွားသည့် သမီးအား အပြစ်တင်ပြူစူမာန်မဲ၍ ဒေါသထွက်ကာအမျက်မပြေနိုင်ဘဲ သမီးလေးကို တစ်နှစ်နီးပါး ပစ်ပယ်ထားခဲ့မိ၏ ။ ဝင့်ဝင့်ထည် ဆယ်တန်းအောင်စဉ်က ဖခင်ဖြစ်သူဝယ်ပေးခဲ့သော ပတ္တမြားလက်စွပ်တစ်ကွင်းကိုသာယူ၍ ဒေါ်လှမေဆင်ထားသမျှ လက်ဝတ်ရတနာတို့ကို စွန့်ပစ်ထားရစ်လျက် တရားကျောင်းသို့ တစ်ဦးတည်း ထွက်သွားရရှာသော သမီးဖြစ်သူ ဝင့်ဝင့်ထည်၏ ပုံရိပ်များကို တရေးရေးမြင်ယောင်ကြည့်မိရင်း ဒေါ်လှမေ မျက်ရည်လည်လာရတော့၏ ။

သီလရှင်ဝတ်ရသည့် အလုပ်မှာ မိဘမသိဘဲ ယောကျ်ားနောက်လိုက်ပြေးရသကဲ့သို့ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာလုပ်၍ မသင့်တော်ကြောင်း ဒေါ်လှမေ ခုမှသိနားလည်လာရ၏ ။ ဘုန်းကြီးကျောင်း အသီးသီးသို့ အကြောင်းကြောင်းတို့ကြောင့် သီလရှင်ဝတ်ရန် ရောက်ရှိလာသော မည်သည့်အမျိုးသမီးကိုမဆို အဘယ်ကဲ့သို့သော ကျောင်းကမှ မမေးမြန်းမစစ်ဆေးဘဲ လူဝတ်လဲပေးသည်မရှိ။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်နေသော သံဃာတော်အရှင်သူမြတ်နှင့် ဘိက္ခုနီမများ သီတင်းသုံးရာကျောင်းတော်တွင်းသို့ လင်ယောကျ်ားနှင့်စိတ်ဆိုး၍ ၊ မိဘနှင့်စိတ်ဆိုး၍ ၊ အကြွေးပူလွန်း၍ စသော အကြောင်းများကြောင့်

ခဏခေတ္တလာရောက်ခိုလှုံသောသူမျိုးတို့ကို ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများက အလိုမရှိတတ်ချေ။

သို့သော် ဆရာတော်ကြီးများသည် ကျောင်းသို့ သီလရှင်ဝတ်ရန် ရောက်ရှိလာသည့် အမျိုးသမီးတစ်ယောက်၏ မျက်နှာကိုမြင်ရုံမျှဖြင့်၊ စကားတစ်ခွန်းနှစ်ခွန်းပြောကြည့်ရုံမျှဖြင့် ထိုအမျိုးသမီးအား သီလရှင်ဝတ်ပေးသင့် မသင့်ဆိုသည့် ကိစ္စကို ဆုံးဖြတ်နိုင်ကြလေသည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူများက ကြည်ကြည်ဖြူဖြူသဘောတူကာ သမီးများကို ယခုလို သီလရှင်ဝတ်ပေးခြင်းမျိုးဆိုလျှင်တော့ အားလုံးစိတ်ချမ်းသာမှု အပြည့်အဝရရှိကြ၏ ။

ဒေါ်လှမေသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မောနေကြသော ခေါင်းတုံးပြီးစ ညီအစ်မနှစ်ယောက်၏ ချစ်စဖွယ် အမူအရာလေးများကိုကြည့်ရင်း မိဘများနည်းတူ ကြည်နူးပီတိဖြစ်နေရလေသည်။

"ကလေးတွေက ဝတ်ချင်ကြတာလား"

ဒေါ်လှမေ၏ စကားကြောင့် ဖခင်ဖြစ်သူကပြုံး၍ ခေါင်းညိတ်လျက် -

"ဟုတ်ပ့ါဗျာ၊ သူတို့ဆန္ဒပါပဲ။ ကျွန်တော်တို့ကလည်း ဝတ်စေချင်တော့ သီလရှင်တွေအကြောင်း အမြဲပြောပြနေခဲ့တာ၊ သမီးကြီးက ဝတ်ချင်နေတာကြာပြီ၊ စာမေးပွဲဖြေပြီးကတည်းက ဝတ်မယ်ပြောထားတာ၊ ညီအစ်မနှစ်ယောက်စလုံး ဆယ်တန်းတစ်နှစ်တည်း အောင်တာလေ။ သမီးငယ်က ကွန်ပျူတာသင်တန်းမပြီးသေးလို့ အတူဝတ်ရအောင် စောင့်ခိုင်းထားတာ။ ကျွန်တော်လည်း ဒီနေ့တော့ သမီးနှစ်ယောက်ကို သီလရှင်ဝတ်ပေးပြီး အလှူလေး တတ်နိုင်သလောက်ပြုဖို့ ဘုရားမှာ အဓိဋ္ဌာန်ထားတာ အစ်မကြီးရဲ့။ ကျွန်တော့်မှာက သားမရှိတော့ သမီးတွေကိုပဲ သီလရှင်ဝတ်ခိုင်းရတာ ပေါ့"

"ဝမ်းသာပါတယ်ရှင်၊ ဒါနဲ့ ဘယ်နှစ်ရက်ဝတ်မှာလဲ"

"သမီးငယ်က တက်စရာသင်တန်းတွေရှိသေးလို့ တစ်လပဲဝတ်မယ်တဲ့၊ သမီးကြီးကတော့ ကြာကြာဝတ်မယ်ထင်တယ်၊ သူက ခါတိုင်း တရားစခန်းအမြဲဝင်နေကျလေ"

"ကောင်းပါတယ်ရှင်၊ တစ်လပဲဝတ်ဝတ်၊ တစ်ပတ်ပဲဝတ်ဝတ်၊ အကျိုးများတာပါပဲ"

"ဟုတ်တယ် အစ်မကြီးရဲ့၊ ကျွန်မတူမလေးတစ်ယောက်ဆို သူ့ဆန္ဒနဲ့ဝတ်တာတောင်မဟုတ်ဘူး၊ ရည်းစားထားလို့ဆိုပြီး ခြေငြိမ်အောင် မိဘတွေက ဝတ်ခိုင်းတာ။ သူကတော့ အချိန်ပြည့် တရားမထိုင်နိုင်လို့ တစ်နေ့သုံးကြိမ်ပဲ ထိုင်ခိုင်းရတယ်၊ အဲဒါ သီလရှင်တစ်လခွဲဝတ်ပြီးထွက်လာတော့ သိမ်မွေ့လာလိုက်တာ အစ်မရယ်၊ ငါးပါးသီလကို လုံအောင် ထိန်းလာနိုင်တယ်တဲ့။ မိဘစကားနားထောင်ပြီး မနက်မိုးလင်းတာနဲ့ ဘုရားခန်းဝင်၊ ညအိပ်ရာဝင်ခါနီး နာရီဝက်လောက်တရားထိုင်၊ သူ့ဘာသာ လုပ်တတ်လာတာ။ အရင်က တော်တော်ဆိုးတဲ့ကလေးမ၊ ခုတော့ မိဘများလည်း စိတ်ချမ်းသာလို့ပေါ့။ ကျွန်မသမီးနှစ်ယောက်ကိုလည်း သူကပဲ သီလရှင်ဝတ်ဖြစ်အောင်ဝတ်ဖို့ တိုက်တွန်းအားပေးခဲ့တာ။ အိမ်ကသမီးတွေကတော့ နဂိုကတည်းက လိမ္မာကြပါတယ်"

ဒေါ်လှမေသည် သမီးလေးနှစ်ယောက်အတွက် ဂုဏ်ယူကျေနပ်နေသော မိဘနှစ်ပါး၏ စကားကို ခေါင်းညိတ်နားထောင်လျက် ကိုယ့်အပြစ်ကိုယ်ပြန်တွေးနေမိလေ၏ ။ အရင်က မိမိသည် ဆရာဝန်ကတော်၏ မိခင်၊ အရာရှိကတော်၏ မိခင်အဖြစ် မော်ကြွားဂုဏ်ယူလျက် စင်ကြယ်မြင့်မြတ်သော သီလရှင်၏ မိခင်အဖြစ် ဘာကြောင့် ဂုဏ်ယူဝမ်းမြောက်မနေမိခဲ့သနည်းဟုတွေးကာ စိတ်မကောင်းဖြစ်ရလေ၏ ။ ခုတော့ဖြင့် သမီးလိမ္မာမရှုပါ၏ ကျေးဇူးကြောင့် ဒေါ်လှမေတစ်ယောက် ဘုရားရိပ်၊ တရားရိပ်၏ အရသာကို ကောင်းကောင်းကြီး ခံစားနိုင်ပေပြီ။

ဝါဝင်ဝါထွက်လေးသော်မှ ဥပုသ်တစ်ရက်မစောင့်နိုင်ခဲ့သော ဒေါ်လှမေ နေ့စဉ်ဥပုသ်စောင့်ကာ ပုံမှန်တရားလေးကြိမ် ထိုင်နိုင်လေပြီ။

မနက်ပိုင်းဆိုလျှင် မရူပါနှင့်အတူ သံဃာတော်များအား ဆွမ်းလုပ်ကျွေးခွင့်ရရှိလေ၏။ မရူပါတို့ ရိပ်သာကျောင်းဝင်းအတွင်း နေထိုင်သော သီလရှင် ကျောင်းတစ်ကျောင်းလျှင် အနည်းဆုံး ဆွမ်းဟင်းတစ်ခွက်ဖြင့် ကျောင်းထိုင်ဆရာတော်ကြီးအား ကပ်လှူကြလေ၏။ ပြုစုလုပ်ကျွေးမည့်သူမရှိသည့် အသက်အရွယ်အိုမင်းသော သီလရှင်ဆရာကြီးများကိုမူ ဆရာတော်ကြီး၏ စောင့်ရှောက်မှုဖြင့် ကျန်သီလရှင်နှင့် ယောဂီများက ဆွမ်းလုပ်ကျွေးကြ၏။

မရူပါသည် မနက်သုံးနာရီထကာ တစ်ကျောင်းလုံးရှိ သံဃာတော်များ အတွက် ဆွမ်းချက်သော ဝေယျာဝစ္စအဖွဲ့၌ ဦးစီးဦးဆောင်ပြုကာ ချက်ပြုတ်သူဖြစ်နေလေပြီ။ အသက်အရွယ်ငယ်ကာ ဉာဏ်ရည်ထက်မြက်သော မရူပါသည် ရိပ်သာကျောင်းကြီးရှိ သံဃာတော်၊ သီလရှင်၊ ယောဂီများအားလုံး၏ မေတ္တာကို အပြည့်အဝခံယူရရှိနေပေပြီ။ ဆွမ်းစားဆောင်အတွက် ကိစ္စမှာလည်း မရူပါပါ၏။ ဘုန်းကြီးကျောင်းသို့လာသမျှ ဒကာ,ဒကာမများကို လက်ခံတွေ့ဆုံဧည့်ခံရာမှာလည်း မရူပါ,ပါ၏။ ကျောင်း၌ အလှူအတန်းရှိလျှင်လည်း မရူပါသာ ဦးစီးဦးဆောင် ပြုရလေ၏။ အဖိတ်နေ့ ဆွမ်းဆန်စိမ်းခံတော့လည်း မရူပါ ပါလိုက်ပါသေး၏။ ရိပ်သာကျောင်း၌ တရားထိုင်ရန် မောင်းကလေးထုလိုက်ပြီဆိုတာနှင့် မရူပါ ရှေ့ဆုံးမှ ရောက်နှင့်နေလေသည်။

ဒေါ်လှမေ အိမ်မှာနေစဉ်က မထုံတက်သေးပုံစံလေးနှင့် အင်မတန်မှ အေးတိအေးစက်နိုင်လှသော ခပ်တုံးတုံးမိန်းကလေးဟု သတ်မှတ်ကာ ဒေါ်လှမေ အားမရခဲ့သော မိန်းကလေးသည် ဤရိပ်သာကျောင်းကြီး၌ အလွန်အဖိုးတန်သော သူတော်ကောင်းမလေး ဖြစ်နေခဲ့လေပြီ။ မရူပါသည် သူနှင့် သင့်တင့်လျောက်ပတ်သော နေရာဌာနသို့ မှန်ကန်စွာ ရွေးချယ်

လျှောက်လှမ်းနိုင်ခဲ့သူဖြစ်၏ ။ ထိုမျှသာမက မိခင်ဖြစ်သူကိုပါ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်အောင် အပါ ဆွဲခေါ်လာနိုင်ခဲ့လေသည်။ မရှုပါသည် ကိုယ်တိုင်ပြုကျင့်ရမည့် သီလ၊ ဒါန၊ တရားဘာဝနာအလုပ်တို့ကို မပျက်မကွက်ပြုရင်း မိခင်ကြီးကိုလည်း အနီးကပ်စောင့်ရှောက်ပြုစုနေလေသည်။

ဒေါ်လှမေရှိရာ ရိပ်သာကျောင်းဆီသို့ ဘယ်သားသမီးကမှ လာရောက်တွေ့ဆုံခြင်းမရှိတော့လျှင်ပင် အားငယ်ဝမ်းနည်းစိတ် မဝင်မိတော့အောင် ဒေါ်လှမေ နေတတ်သွားလေပြီ။ ဒေါ်လှမေ နေတတ်အောင် မရှုပါက နည်းလမ်းပြပေးခဲ့ပြီမဟုတ်လား။ သားသမီးအတွက်တစ်မျိုး၊ ချွေးမနှင့်သမက်များအတွက် တစ်ဖုံ၊ ပူပင်သောကရောက်ခဲ့ရသော ဒေါ်လှမေတစ်ယောက် ဘယ်နေရာဘယ်ကာလမှာမှ မရရှိဖူးခဲ့သော ငြိမ်းအေးလွတ်လပ်မှုအရသာကို ခံစားလျက် ကိုယ့်ဘဝကိုယ် ကျေနပ်လာနိုင်သည်မှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ရတနာသုံးပါး၏ အရိပ်အတွင်းသို့ရောက်အောင် ပံ့ပိုးပေးခဲ့သည့်မရှုပါဆိုသော တစ်ယောက်သောသူ၏ ကျေးဇူးကြောင့် ဖြစ်လေသည်။

မြစ်ဟူသည် သဘာဝအားဖြင့် အထက်မှအောက်သို့သာ စီးဆင်းသည်ဆိုသော်ငြား ဒေါ်လှမေ၏ အသွေးအသားတို့မှ ခွဲခြာစီးဆင်းသွားသော မရှုပါဆိုသော မြစ်တစ်စင်းကတော့ဖြင့်.........

**အမှတ်(၄၆)**

**ရွှေအောင်လံ ရသစုံ မဂ္ဂဇင်း**

**မေလ၊ ၁၉၉၉ ခုနှစ်**

*